**Acknowledgement**

This is an informal translation of the Rabat Plan of Action on the prohibition of advocacy of national, racial or religious hatred that constitutes incitement to discrimination, hostility or violence. All reasonable efforts have been made to ensure this is an accurate translation. This version is a translation of the original document in English and shall serve as information purposes only. In the case of a discrepancy, the English original shall prevail.

The translation of this document from English into Burmese was jointly commissioned by the following organisations.

**အထွေထွေညီလာခံ**

**Distr: General**

**၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်**

**မူရင်း၊ အင်္ဂလိပ်**

**လူ့အခွင့်အရေးကောင်စီ**

**နှစ်ဆယ့်နှစ်ကြိမ်မြောက် အစည်းအဝေး**

**လုပ်ငန်းစဉ် အမှတ် ၂**

**ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် မဟာမင်းကြီးရုံးနှင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ အစီရင်ခံစာများ**

# ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ နှစ်ပတ်လည်အစီရင်ခံစာ

## ဖြည့်စွက်ချက်

## အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်မှုကို တားမြစ်ပိတ်ပင်ခြင်းနှင့် စပ်လျဉ်းသည့် ပညာရှင် နှီးနှောဖလှယ်ပွဲများအကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာ* **

* ယခုလက်ရှိ အစီရင်ခံစာ၏ အနှစ်ချုပ်ကို တရားဝင် ဘာသာစကားများအားလုံးဖြင့် ဖြန့်ဝေထားသည်။ အနှစ်ချုပ်၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားသည့် အစီရင်ခံစာကိုမူ တင်သွင်းရာတွင် အသုံးပြုထားသည့် ဘာသာစကားဖြင့်သာ ကူးယူဖော်ပြထားပါသည်။

** တင်သွင်းမှုနောက်ကျ

*အနှစ်ချုပ်*

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သည် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်ခြင်းကို ပိတ်ပင်တားမြစ်ရေးနှင့် ပတ်သက်သည့် ဥပဒေပြု စံညွှန်းများ၊ တရားရေးအစဉ်အလာများနှင့် မူဝါဒများကို လေ့လာဖော်ထုတ်ခဲ့ကြသော နှီးနှောဖလှယ်ပွဲများကို ဦးဆောင်ကျင်းပခဲ့သည်။ ဤအစီရင်ခံစာတွင် ထိုပဏာမလုပ်ငန်း၏ ရလဒ်များကို အကျဉ်းချုပ်တင်ပြထားသည်။ အထူးသဖြင့် အောက်တိုဘာလ ၂၀၁၂ ခုနှစ်တွင် ရာဘတ်မြို့၌ ကျင်းပခဲ့သော အပြီးသတ်အစီရင်ခံဆွေးနွေးသည့် ပညာရှင် အစည်းအဝေးပွဲ၏ အသေးစိတ်အချက်အလက်များ ပါဝင်သည်။ ၎င်းအစည်းအဝေးပွဲတွင် ပညာရှင် နှီးနှောဖလှယ်ပွဲများမှ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပေါင်းစည်း၍ ဤအစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ပါရှိသည့်အတိုင်း ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများကို နှိုးဆွပေးသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသည့် အမုန်းတရားစည်းရုံးလှုံ့ဆော်မှုအား တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ရာဘတ် လုပ်ငန်းအစီအစဉ် (The Rabat Plan of Action) ကို အကောင်အထည်ဖော်ကျင့်သုံးရန် ပညာရှင်များက ဆုံးဖြတ်ခဲ့ကြသည်။

**နောက်ဆက်တွဲ**

**အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်မှုကို တားမြစ်ပိတ်ပင်ခြင်းနှင့် ပတ်သက်သည့် ပညာရှင် နှီးနှောဖလှယ်ပွဲများအကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာ**

**မာတိကာ**

စာမျက်နှာ


၁။ မိတ်ဆက်.......................................................................................၄

၂။ အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်မှုကို တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ပညာရှင် နှီးနှောဖလှယ်ပွဲများ.......................................................................၁၀

နောက်ဆက်တွဲ

ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများကို နှိုးဆွပေးသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားစည်းရုံးလှုံ့ဆော်မှုအား တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ရာဘတ်လုပ်ငန်း အစီအစဉ်.......................................................................................၁၂

## ၁။ မိတ်ဆက်

၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းတရားလှုံ့ဆော်ခြင်းတို့နှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် ပါရှိသော အပိုဒ် (၁၉) နှင့် (၂၀) ကြားရှိ ဆက်စပ်မှုများအကြောင်း ၂၀၀၈ ပညာရှင် နှီးနှော ဖလှယ်ပွဲအပြီးတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သည် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသောအမုန်းတရား လှုံ့ဆော်ခြင်းကို ပိတ်ပင် တားမြစ်ရေးနှင့် ပတ်သက်သည့် ဥပဒေပြုစုံညွှန်းများ၊ တရားရေး အစဉ်အလာများနှင့် မူဝါဒများကို လေ့လာဖော်ထုတ်ခဲ့ကြသော နှီးနှောဖလှယ်ပွဲများကို ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် ဦးဆောင် ကျင်းပခဲ့သည်။

၂။ လူ့အဖွဲ့အစည်းများကြားတွင် စိမ့်ဝင်ပျံ့နှံ့နေသော အမုန်းတရားနှင့် အဆိုးမြင်ဝါဒ ပမာဏနှင့် ပတ်သက်၍ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ဖြစ်ရပ်များကို ပြီးခဲ့သောနှစ်များစွာတွင် မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ထိုဖြစ်ရပ်များသည် ဝမ်းနည်းဖွယ်ကောင်းစွာပင် အကြမ်းဖက်မှုများနှင့် သေဆုံးမှုများစွာကို ဖြစ်ပေါ်စေခဲ့သည်။ ခါးသီး၍ အမုန်းတရားများနှင့် ပြွတ်သိပ်နေသော စည်းရုံးလှုံ့ဆော်မှုသည် အဆိုးဝါးဆုံး ရာဇဝတ်မှုများကို အစပျိုးပေးနိုင်သည်။ လူမျိုးစုနှင့် ဆိုင်သည့် အမုန်းတရားများ၊ အစွန်းရောက်ဝါဒီများ ပါဝင်သော ဖြစ်ရပ်များ၊ အင်တာနက် သို့မဟုတ် မီဒီယာပေါ်တွင် အချို့သော ဘာသာတရားများနှင့် ကိုးကွယ်ယုံကြည်သူများအား ရင့်သီး၍ မလိုမုန်းထားစွာ သရုပ်ဖော်မှုများ၏ စေ့ဆော်မှုကြောင့် မကြာသေးမီက ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲအပြီး အကြမ်းဖက်မှု ဥပမာများကို ပြန်လည်သတိရလျှင် လုံလောက်ပါသည်။ အမုန်းတရားတွင် ပုံစံမျိုးစုံရှိ၍ ကမ္ဘာ့နေရာအနှံ့အပြားတွင် တွေ့နိုင်ကြောင်း ထင်ရှားသည်။

၃။ နိုင်ငံအများအပြားတွင် မီဒီယာများ၊ နိုင်ငံရေးသမားများနှင့် လူမှုအဖွဲ့အစည်းအတွင်းမှ အခြားလုပ်ရှားဆောင်ရွက်သူများက ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် လူနည်းစုဖြစ်သော အုပ်စုများအပေါ် သာမန်ထက် အလွန်အမင်းလွန်ကဲစွာ အနုတ်သဘောဆောင်၍ သရုပ်ဖော်နေမှုကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအနေနှင့် ထိတ်လန့်တုန်လှုပ်မိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူစိမ်းကြောက်သော သဘောထားအမြင်များ မြင့်မားလာမှုကို ဟန့်တားရန်အတွက် ဆောင်ရွက်စီမံမှုများ ပြုလုပ်ရန် တိုက်တွန်းခဲ့ပြီး အမုန်းစကားများ

ဖြန့်ဝေမှုကို အလျင်အမြန် လူသိရှင်ကြား ရှုတ်ချရန်နှင့် လူမျိုးကွဲပြားမှုပေါ်အခြေခံသော အကြမ်းဖက်မှုကို လှုံ့ဆော်သည်ဟု သံသယရှိသူများနှင့် လူမျိုးရေးခွဲခြား၍ အကြမ်းဖက်သော လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား တရားစွဲရန် လိုအပ်ကြောင်း အလေးအနက် ပြောကြားခဲ့ပြီး ဖြစ်ပါသည်။

၄။ အချို့သော ဘာသာတရားများ၏ ကိုးကွယ်ယုံကြည်သူများအပေါ် အမုန်းတရား သို့မဟုတ် တစ်ယူသန်သဘောထားများ ပြသနေမှုများကို လူသိရှင်ကြား ဝေဖန်ရှုတ်ချခဲ့ပြီး ဘာသာရေးနှင့် နိုင်ငံရေးခေါင်းဆောင်များအား တည်ငြိမ်အေးဆေးမှုကို ပြန်လည်ရရှိအောင် အစွမ်းကုန် ကြိုးစား ကြရန်လည်း တိုက်တွန်းပြီးဖြစ်သည်။ ထိုဖြစ်ရပ်များအပေါ် တုံ့ပြန်သည့်အနေနှင့် ကမ္ဘာ့နေရာ အနှံ့အပြားတွင် ဖြစ်ပေါ်ခဲ့သောလူသတ်မှုအပါအဝင် အကြမ်းဖက်မှုများကိုလည်း ဝေဖန်ရှုတ်ချ ခဲ့ပြီးဖြစ်ပါသည်။

၅။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း အယူအဆသည် ကွဲပြားသော ယဉ်ကျေးမှုများ၏ တရားရေးရာ ထုံးတမ်းအစဉ်အလာများတွင် ကောင်းစွာ အခြေခိုင်ပြီးဖြစ်သည်မှာ ရာစုနှစ်များစွာ ရှိပြီဖြစ်သော်လည်း ၎င်းကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်တွေ့အကောင်အထည်ဖော် အသုံးချရန်နှင့် လက်ခံအသိအမှတ်ပြုရန်မှာ အလှမ်းဝေးနေသေးသည်။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်သည် မိမိနှင့်အမြင်မတူသူများကို နှုတ်ဆိတ်ခြင်း၊ ဝေဖန်ချက်များကို နှိမ်နင်းခြင်း သို့မဟုတ် ဖြေရှင်းရမည့် လူမှုပြဿနာများအကြောင်း ဆွေးနွေးမှုများကို ပိတ်ဆို့ခြင်းတို့ဖြင့် အကျိုးဖြစ်ထွန်းလျက်ရှိသောသူများ၏ ရင်ဆိုင်ကျော်လွှားရန်ခက်ခဲသော အတိုက်အခံပြုမှုများကို ကမ္ဘာ့နေရာအများအပြားတွင် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

၆။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းတရားများ ပြန့်ပွားစေရန် လှုံ့ဆော်မှု တို့အကြားရှိ ဆက်နွှယ်မှုအပေါ် နားလည်သဘောပေါက်မှုကို မြှင့်တင်ပေးနိုင်ရန် မျှော်မှန်း၍ နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေးဥပဒေများတွင် ထင်ဟပ်လျက်ရှိသည့်အတိုင်း အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားကို တားမြစ်ရေးနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းမှု၊ ဥပဒေစနစ်နှင့် အမျိုးသားရေးမူဝါဒများကို ဆန်းစစ်ရန် သက်ဆိုင်ရာ ပညာရှင်များ၏ နှီးနှောဖလှယ်ပွဲများကို ကမ္ဘာ့ဒေသအမျိုးမျိုးတွင် ဦးဆောင်ကျင်းပသည့် ပဏာမ

လုပ်ငန်းကို စတင်ခဲ့ပါသည်။ အောက်တိုဘာလ ၂၀၁၂ ခုနှစ်တွင် OHCHR သည် မော်ရိုကိုနိုင်ငံ ရာဘတ်မြို့တွင် အပြီးသတ်အစီရင်ခံဆွေးနွေးသည့် ပညာရှင် အစည်းအဝေးပွဲကို ကျင်းပခဲ့သည်။[၁] ၎င်းအစည်းအဝေးတွင် အစောပိုင်းက စီစဉ်ဆောင်ရွက်ခဲ့သော ပညာရှင် နှီးနှောဖလှယ်ပွဲများမှ အကြံပြုထောက်ခံချက်များကို ဆွေးနွေးခဲ့ကြပြီး ရာဘတ် လုပ်ငန်းအစီအစဉ် (The Rabat Plan of Action) ကို အကောင်အထည်ဖော် ကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်တစ်ခုလုံး၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေးဥပဒေက အကာအကွယ်ပေးထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် အပြည့်အဝ လက်ခံအသိအမှတ်ပြုခြင်းကို တိုက်တွန်းအားပေးပြီး ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများ ဖြစ်ပေါ်ရန် လှုံ့ဆော်မှုအဖြစ် သတ်မှတ်နိုင်သည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုအပေါ် အခြေခံသည့် အမုန်းတရားကို ဖြန့်ဝေစည်းရုံးမှုနှင့် စပ်လျဥ်းသော နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ဥပဒေပြဋ္ဌာန်းမှု၊ ဥပဒေစနစ်နှင့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ဘက်စုံအကဲဖြတ်မှုတစ်ရပ်ကို ပြုလုပ်ရန်ဖြစ်သည်။

၇။ စုစုပေါင်း ကျင်းပခဲ့သော ပညာရှင် နှီးနှောဖလှယ်ပွဲ (၅) ခုကို ဗီယင်နာမြို့ (ဖေဖော်ဝါရီ ၉-၁၀၊ ၂၀၁၁)၊ နိုင်ရိုဘီမြို့ (အေပရယ် ၆-၇၊ ၂၀၁၁)၊ ဘန်ကောက်မြို့ (ဇူလိုင် ၆-၇၊ ၂၀၁၁)၊ ဆန်တီရေဂိုမြို့ (အောက်တိုဘာ ၁၂-၁၃၊ ၂၀၁၁) နှင့် ရာဘတ်မြို့ (အောက်တိုဘာ ၄-၅၊ ၂၀၁၂) တို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြထားသော စိန်ခေါ်မှုများကို တုံ့ပြန်သည့်အနေနှင့် အစိုးရအဖွဲ့အများအပြားသည် ရှိရင်းစွဲဥပဒေများကို ပိုမိုခိုင်မာစေ၍ ပြစ်ဒဏ်ပေးနည်း အသစ်များကို စတင်အသုံးပြုလာကြကြောင်း တွေ့ရသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အဆင့် ဥပဒေပြဋ္ဌာန်းမှုသည် လုံလောက်မှုမရှိခြင်း ပြဿနာ သို့မဟုတ် ပြဋ္ဌာန်းချက်အသစ်များသည် ရှင်းလင်းပြတ်သားမှုမရှိ၊ မရေရာဘဲ အလွဲသုံးစားပြုခံရနိုင်သော ပြဿနာကို တွေ့ရှိသတိပြုမိခဲ့ကြသည်။ ဆွေးနွေးချက်များမှတစ်ဆင့်လည်း ထိုဥပဒေများကို မညီမျှစွာ ကြုံရာကျပန်းကျင့်သုံးနေမှု၊ ၎င်းတို့ကို အကောင်အထည်ဖော်ရန် သို့မဟုတ် အကဲဖြတ်ပေးရန်အတွက် သီးသန့်ရည်ရွယ်ထားရှိသည့် ပြည့်စုံ စနစ်ကျသော အဖွဲ့အစည်းများ မရှိခြင်းကြောင့် ထိုအခြေအနေအား ပိုမိုဆိုးဝါးစေမှုတို့ကို တွေ့ရှိခဲ့ရသည်။ ဘာသာရေးစော်ကားမှုကို ကာကွယ်

[၁] အစည်းအဝေးကို တက်ရောက်ခဲ့သော ပညာရှင်များစာရင်းနှင့် နောက်ခံအသေးစိတ်အချက်အလက်များကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည် - http://www.ohchr.org/EN/Issues/FreedomOpinion/Articles19-20/Pages/Index.aspx

တားဆီးထိန်းချုပ်သည့် ဥပဒေများ၏ အပြုသဘောမဆောင်သော သက်ရောက်မှု၊ သတင်း အချက်အလက် လွတ်လပ်ခွင့်နှင့် အင်တာနက်အသုံးပြုမှုတို့ကို ပိတ်ပင်ခြင်း၊ သတင်းစာဆရာ များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပေါ် နှောင့်ယှက်တိုက်ခိုက်ခြင်းတို့နှင့် ဆက်နွယ်နေသော ပြဿနာများ၏ ဥပမာများ သို့မဟုတ် မရေရာ၍ ဖြစ်စေလိုသည့်ရလဒ်ကို မဆောင်ကြဉ်းပေးနိုင်သော ဥပဒေပြဋ္ဌာန်းမှု၊ ဥပဒေစနစ်နှင့် မူဝါဒများကို အလွဲသုံးစားပြုခြင်းဖြင့် လူနည်းစုအုပ်စုဝင်များ ကျော့ချမ်းဖွယ်ရာ နှိပ်စက်ညှဉ်းပန်းခံရသည့် ဥပမာများကို ဆွေးနွေးပွဲ တောက်လျှောက်တွင် သာဓကများပေးခဲ့သည်။

၈။ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်အဖွဲ့များသည် အမုန်းတရား လှုံ့ဆော်မှုနှင့်ဆိုင်သည့် လူ့အခွင့်အရေး ဥပဒေပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ နိုင်ငံများကို ဦးဆောင်လမ်းပြ ပြုလုပ်ရသည့် အရေးပါလှသော ကဏ္ဍတွင် ပါဝင်ရသည်။ ထိုသို့လမ်းပြခြင်းဖြင့် နိုင်ငံတကာ ဥပဒေများ အဟုန်တရှေ့ရှေ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေးတင်းမာမှုများ မဖြစ်ပေါ်စေရန် ထိန်းသိမ်းရေးတို့တွင်လည်း အထောက်အပံ့ဖြစ်စေပါသည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် လူ့အခွင့်အရေးကော်မတီက လွတ်လပ်စွာ ထင်မြင်ယူဆ ထုတ်ဖော် ပြောဆိုပိုင်ခွင့်နှင့် ပတ်သက်၍ အထွေထွေမှတ်ချက် အမှတ် (၃၄) ကို အတည်ပြုခဲ့ပြီး လူမျိုးရေးခွဲခြားမှု ပပျောက်ရေးကော်မတီက လူမျိုးရေး ခွဲခြားသည့် အမုန်းစကားများနှင့် သက်ဆိုင်သည့် အထွေထွေအကြံပြုချက်တစ်ခုကို ပြုစုထားရှိရန် စတင်စဉ်းစားခဲ့သည်။ ထို့ပြင် လူမျိုးရေးဝါဒ၊ လူမျိုးရေး ခွဲခြားဆက်ဆံခြင်း၊ သူစိမ်းကြောက်ခြင်းနှင့် သက်ဆိုင်ရာ အကဲဆတ်မှုတို့၏ ခေတ်သစ် အသွင်ပုံစံများ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်၊ လွတ်လပ်စွာ ထင်မြင်ယူဆ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို အားပေးမြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်းတို့ အကြောင်းကို ဆွေးနွေးထားသည့် အမုန်းတရား လှုံ့ဆော်မှုကို တားမြစ်ခြင်းဆိုင်ရာ ပူးတွဲစာတမ်းများကိုလည်း အထူးအစီရင်ခံစာတင်သွင်းသူများ (Special Rapporteurs) က ၂၀၀၉ နှင့် ၂၀၁၁ ခုနှစ်များတွင် တင်ပြခဲ့သည်။

၉။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် အမုန်းတရားလှုံ့ဆော်မှု တားမြစ်ခြင်းတို့ကို မှန်မှန်ကန်ကန် ဟန်ချက်ညီအောင် ပြုလုပ်ရသည်မှာ မရိုးရှင်းပေ။ ထိုအခြေခံ လွတ်လပ်မှုအပေါ် ကန့်သတ်ချက်တိုင်းသည် အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားန ှင့် နိုင်ငံရေး

အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံတကာ လူမျိုးရေးခွဲခြားမှု ပပျောက်ရေး သဘောတူညီချက် စသည့် နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်စာတမ်းများထံမှ မြစ်ဖျားခံလာသော ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်ဘောင်များအတွင်းတွင်သာ တိတိကျကျ တည်ရှိရမည်ဖြစ်သည်။ သဘောတူ စာချုပ်ပါ အပိုဒ် (၁၉)၊ အပိုဒ်ခွဲ (၃) တွင် ၎င်းကန့်သတ်ချက်များ၏ တရားဝင်ဖြစ်မှုကို အကဲဖြတ် ဆန်းစစ်နိုင်မည့် ရှင်းလင်းသော စစ်ဆေးမှုတစ်ခုကို ချမှတ်ထားသည်။ သို့သော် အပြင်လောကၥ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းတရားလှုံ့ဆော်မှုတို့ကို နှိုင်းချိန်ရာတွင် ထိုထက်ပိုသော လမ်းညွှန်မှုများကို လိုအပ်နေပါသည်။

၁၀။ ပထမဆုံးအနေနှင့် အမုန်းတရား ဖြန့်ဝေမှုအဖြစ် သတ်မှတ်၍ တားမြစ်ပိတ်ပင်သင့်သော ထုတ်ဖော်ပြောဆိုမှုပုံစံများကို ခွဲခြားထုတ်ဖော်ရာတွင် အခြေအနေကိုလိုက်၍ ဆက်စပ်စဉ်းစား ရမည်ဖြစ်ပြီး အကြောင်းကိစ္စတစ်ခုချင်းစီ၏ ဒေသခံအခြေအနေများ၊ သမိုင်းရာဇဝင်၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ တင်းမာမှုများ အစရှိသည့် သီးခြားအခြေအနေများကိုလည်း မဖြစ်မနေထည့်သွင်း စဉ်းစားရမည်ဖြစ်ကြောင်း သိမြင်နားလည်သင့်ပါသည်။ ထို့ကြောင့် အမုန်းတရားလှုံ့ဆော်မှုနှင့် ဆိုင်သော ကိစ္စများကို ထိထိရောက်ရောက် စစ်ဆေးဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်တွင် သီးခြား လွတ်လပ်သော တရားစီရင်ရေးအဖွဲ့သည် ပဓာနကျသော အစိတ်အပိုင်း တစ်ခု ဖြစ်ပါသည်။

၁၁။ ဒုတိယအနေနှင့် ယုံကြည်မှုစနစ်များ၊ ဘာသာတရားများ သို့မဟုတ် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများကို ဝေဖန်မှုမှ အကာအကွယ်ပေးခြင်းမဟုတ်ဘဲ ဘာသာရေး သို့မဟုတ် အခြားအမျိုးအစားနှင့်ဆိုင်သော တိကျသည့် ယုံကြည်ချက်များနှင့် ခံယူချက်များကို ကိုင်စွဲထားသော လူမျိုးစု၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးအဖွဲ့များအတွင်းရှိ လူပုဂ္ဂိုလ်များနှင့် လူမှုအသိုက်အဝန်းများအား ရန်လိုမှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် အကြမ်းဖက်မှုများမှ အကာအကွယ်ပေးရန်မှာ အဓိကရည်ရွယ်ချက်ဖြစ်သည်ကို ရှင်းလင်းအောင်ပြုလုပ်၍ တားမြစ် ကန့်သတ်ချက်များကို ဖော်ထုတ်ဖန်တီးရမည်ဖြစ်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဟူသည်မှာ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုအပေါ် အကြမ်းဖက်မှု၊ ရန်လိုမှု သို့မဟုတ် ခွဲခြားဆက်ဆံမှုပြုရန် နှိုးဆွပေးသော အမုန်းတရားကို စည်းရုံးလှုံ့ဆော်မှု မပြုသရွေ့ ယုံကြည်မှုစနစ်များ၊ ခံယူချက်များနှင့် ဘာသာရေးဆိုင်ရာ အလေ့အထများအပါအဝင်

ထုံးတမ်းဓလေ့များအပေါ် ကြည့်ရှုစစ်ဆေးခြင်း၊ ပွင့်လင်းစွာ ငြင်းခုံဆွေးနွေးခြင်းနှင့် ဆန်းစစ်ဝေဖန်ခြင်းတို့ကို ပြုလုပ်နိုင်သင့်ပါသည်။

၁၂။ တတိယအနေနှင့် ပြည်တွင်းအရေးယူမှုများနှင့် ပတ်သက်၍ (က) ဥပဒေနှင့် ငြိစွန်းသော ပြစ်မှုမြောက်သည့် ထုတ်ဖော်ပြောဆိုမှု အသွင်ပုံစံများ၊ (ခ) ပြစ်မှုဆိုင်ရာဥပဒေအရ အပြစ်မပေးနိုင်သော်လည်း တရားမမှုနှင့်စွဲဆိုနိုင်သော ထုတ်ဖော်ပြောဆိုမှု အသွင်ပုံစံများနှင့်၊ (ဂ) ပြစ်မှုဆိုင်ရာဥပဒေအရ သို့မဟုတ် တရားမမှုဥပဒေအရ အရေးယူမှုများ မပြုလုပ်နိုင်သော်လည်း သည်းခံမှု၊ ယဉ်ကျေးရည်မွန်မှုနှင့် အခြားလူများ၏ ထင်မြင်ယူဆချက်များအပေါ် လေးစားမှုတို့နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မြင့်တက်စေသော ထုတ်ဖော်ပြောဆိုမှု အသွင်ပုံစံများ စသည်တို့အကြားတွင် ဂရုတစိုက် ခွဲခြားမှုပြုလုပ်ရန် အရေးကြီးပါသည်။

၁၃။ လူ့အခွင့်အရေးကောင်စီသည်လည်း ၎င်း၏အခန်းကဏ္ဍအရ တိကျပြတ်သားသော လုပ်ဆောင်ချက်တစ်ခုအဖြစ် မတ်လ ၂၀၁၁ ခုနှစ်တွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်ကို ထိခိုက်စေရန် ရည်စူး၍ အချို့သော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အလွဲသုံးစားပြုလုပ်နေခြင်းမျိုး မရှိစေရန် နိုင်ငံတော်နှင့် နိုင်ငံတကာတို့၏ ညှိနှိုင်းချိတ်ဆက် ကြိုးပမ်းမှုအတွက် အဘက်ဘက်ပြည့်စုံသော လမ်းပြမြေပုံတစ်ခုကို ပေးသည့် တညီတညွတ်တည်းဖြစ်သော ဆုံးဖြတ်ချက် ၁၆/၁၈ အား အတည်ပြုကျင့်သုံးခဲ့ပါသည်။

၁၄။ ပညာရှင်များ မီးမောင်းထိုးပြထားသကဲ့သို့ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများကို နှိုးဆွပေးသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး ကွဲပြားမှုကို အခြေခံသည့် အမုန်းတရားစည်းရုံးလှုံ့ဆော်မှုအား တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ရာဘတ် လုပ်ငန်းအစီအစဉ်သည် ဤကဲ့သို့ ခက်ခဲသောအခြေအနေတွင် လူ့အခွင့်အရေးများကို လက်တွေ့ကျင့်သုံးရေးနှင့် အကာအကွယ်ပေးရေးတို့အား လွယ်ကူချောမောစေရန်နှင့် ပိုမိုခိုင်မာစေရန် ရည်ရွယ်ပါသည်။ ၎င်းတွင် အမုန်းတရားလှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးနှင့်ဆိုင်သည့် နိုင်ငံတကာဆိုင်ရာ တာဝန်ဝတ္တရားကို အကောင်အထည်ဖော်ရာတွင် အမျိုးသား ဥပဒေပြုလွှတ်တော်အမတ်နှင့် တရားစီရင်ရေးအဖွဲ့အပါအဝင် ပတ်သက်ဆက်နွှယ်သူများအားလုံးကို ပိုမိုကောင်းမွန်စွာ လမ်းပြနိုင်ရန် ရည်ရွယ်ထားသော

သုံးသပ်ချက်များနှင့် အကြံပြုချက်များ ပါဝင်ပါသည်။ ၎င်းမှာ ကွဲပြားခြားနားသော ယဉ်ကျေးမှု နောက်ခံများနှင့် ဥပဒေဆိုင်ရာ ဓလေ့ထုံးတမ်းများမှ လာသော ပညာရှင် (၄၅) ဦး ပါဝင်ခြင်း၏ အကျိုးခံစားရသော အောက်ခြေအဆင့်မှ အထက်သို့ဆောင်ရွက်သည့် ပတ်သက်ဆက်နွှယ်သူ ပေါင်းစုံနှင့် နယ်မြေ (၄) ခုတွင် စီမံလုပ်ဆောင်ခဲ့သော တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ ရလဒ်ဖြစ်သည်။

၁၅။ ဤအရေးပါသော ပဏာမလုပ်ငန်းဖြင့် သက်ဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး ဝတ္တရားများကို အပြည့်အဝ အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတကာ၏ ပူးပေါင်းကူညီမှုဖြင့် လွယ်ကူချောမွေ့သော နိုင်ငံလုံးဆိုင်ရာ အားထုတ်မှုကို အမှန်စင်စစ် မြှင့်တင်ပေးရန် မျှော်လင့်ပါသည်။ ထို့အပြင် လူမျိုးစုရေး၊ အမျိုးသားရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ ကွဲပြားမှုများအပေါ် အခြေခံသော အခြေအမြစ်မရှိသည့် အစွဲအလမ်းများ များပြားလာမှုကို ဆန့်ကျင်တုံ့ပြန်၍ ဆိုးဝါးသော အမုန်းတရားနှင့် လက်တုံ့ပြန်အပြစ်ပေးခြင်း သံသရာကို ချိုးဖျက်သည့်နေရာတွင် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ပါသည်။

## ၂။ အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်ခြင်းကို တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ပညာရှင် နှီးနှောဖလှယ်ပွဲများ

၁၆။ ၂၀၁၁ ခုနှစ်တွင် OHCHR သည် ဒေသန္တရ နှီးနှောဖလှယ်ပွဲ ၄ ခုကို ဥရောပ (ဗီယင်နာမြို့ ဖေဖော်ဝါရီ ၉-၁၀၊ ၂၀၁၁)၊ အာဖရိက (နိုင်ရိုဘီမြို့ ဧပရယ် ၆-၇၊ ၂၀၁၁)၊ အာရှပစိဖိတ်ဒေသ (ဘန်ကောက်မြို့ ဇူလိုင် ၆-၇၊ ၂၀၁၁) နှင့် အမေရိက (ဆန်တီရေဂို ဒီချီးလ်မြို့ အောက်တိုဘာလ ၁၂-၁၃၊ ၂၀၁၁) တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးချက်များအကြောင်း အစီရင်ခံစာများ အပါအဝင် ထိုပွဲများနှင့် သက်ဆိုင်သည့် အချက်အလက်များကို ဤနေရာတွင် တွေ့နိုင်ပါသည် - http://www.ohchr.org/EN/Issues/FreedomOpinion/Articles19-20/Pages/Index.aspx.

၁၇။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် အမုန်းတရားလှုံ့ဆော်မှုအပေါ် ငြင်းခုံဆွေးနွေးမှုကို အခြေခံထားသော ပညာရှင် နှီးနှောဖလှယ်ပွဲများ၏ ရည်မှန်းချက် ၃ မျိုးမှာ - အပြည်ပြည်ဆိုင်ရာ

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် (၁၉)နှင့် (၂၀) တွင် ဖော်ပြထားသကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို အပြည့်အဝ လေးစားမှုရှိစေရန်နှင့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရား လှုံ့ဆော်ခြင်းအယူအဆနှင့် ပတ်သက်သည့် ဥပဒေပြု စံညွှန်းများ၊ တရားရေးအစဉ်အလာများနှင့် မူဝါဒများကို ပိုမိုနားလည်သဘောပေါက်စေရန်၊ ထိုလှုံ့ဆော်မှုများအား တားမြစ်ပိတ်ပင်ရေးကို အကောင်အထည်ဖော်သည့် အခြေအနေအပေါ် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် ကိုက်ညီသော ဘက်စုံအကဲဖြတ်နိုင်မှုတစ်ခု ရရှိရေးနှင့် အဆင့်အားလုံးတွင် အလားအလာရှိသော လုပ်ဆောင်ချက်များကို ဖော်ထုတ်ရန်တို့ ဖြစ်ပါသည်။

၁၈။ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် OHCHR သည် ပညာရှင် နှီးနှောဖလှယ်ပွဲများမှ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပေါင်းစည်း၍ ပညာရှင်များ၏ ရာဘတ် လုပ်ငန်းအစီအစဉ် (The Rabat Plan of Action) (နောက်ဆက်တွဲတွင် ပါဝင်ပါသည်)ကို အတည်ပြုကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြသော ဤလုပ်ငန်းစဉ်ကို ဆုံးခန်းတိုင်စေခဲ့သည့် အပြီးသတ်အစီရင်ခံဆွေးနွေးသော ပညာရှင် အစည်းအဝေးပွဲကို ရာဘတ်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

## နောက်ဆက်တွဲ

# ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများ[၁]ကို နှိုးဆွပေးသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရား စည်းရုံး လှုံ့ဆော်မှုအား တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ရာဘတ် လုပ်ငန်း အစီအစဉ်

**၂၀၁၁ ခုနှစ်တွင် OHCHR မှ ကျင်းပပြုလုပ်ခဲ့သော ဒေသန္တရ ပညာရှင် နှီးနှောဖလှယ်ပွဲ ၄ ခုမှ ပေါ်ထွက်လာ၍ အောက်တိုဘာလ ၅ ရက်၊ ၂၀၁၂ ခုနှစ်တွင် မော်ရိုကိုနိုင်ငံ ရာဘတ်မြို့၌ ကျင်းပခဲ့သော အစည်းအဝေးတွင် ပညာရှင်များ အတည်ပြုခဲ့သော သုံးသပ်ချက်များနှင့် အကြံပြုချက်များ**

## ၁။ နိဒါန်း

၁။ ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် ပြဋ္ဌာန်းထားသကဲ့သို့ အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်ခြင်းနှင့် ပတ်သက်သည့် ပညာရှင် နှီးနှောဖလှယ်ပွဲများကို ဒေသအမျိုးမျိုးတွင် ကျင်းပပြုလုပ်ခဲ့သည်။ ၎င်းနှီးနှောဖလှယ်ပွဲများတွင် ပါဝင်သူများသည် ဒေသအသီးသီးရှိ အခြေအနေများကို ထည့်သွင်းစဉ်းစား၍ အမုန်းတရား လှုံ့ဆော်ခြင်းနှင့် ပတ်သက်သည့် ဥပဒေမူဘောင်ဆိုင်ရာ နှင့် ဥပဒေနှင့်မဆိုင်သော မဟာဗျူဟာကျ ဖြေရှင်းနည်းများကို ဆွေးနွေးခဲ့ကြသည်။

၂။ ထိုနှီးနှောဖလှယ်ပွဲများကို ဥရောပ (ဗီယင်နာမြို့ ဖေဖော်ဝါရီ ၉-၁၀၊ ၂၀၁၁)၊ အာဖရိက (နိုင်ရိုဘီမြို့ အေပရယ် ၆-၇၊ ၂၀၁၁)၊ အာရှပစိဖိတ်ဒေသ (ဘန်ကောက်မြို့ ဇူလိုင် ၆-၇၊ ၂၀၁၁) နှင့် အမေရိက (ဆန်တီရေဂို ဒီချီးလ်မြို့ အောက်တိုဘာလ ၁၂-၁၃၊ ၂၀၁၁) တို့တွင်

[၁] အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် (၂၀)၊ အပိုဒ်ခွဲ (၂) တွင် "ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို ပြုလုပ်ရန် နှိုးဆော်နေသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသည့် မည်သည့် အမုန်းတရားစည်းရုံးလှုံ့ဆော်မှုကိုမဆို ဥပဒေအရ တားမြစ်သင့်သည်" ဟု ပါရှိသည်။ ဤစာတမ်းတစ်ခုလုံးတွင် ထိုကဲ့သို့သော လှုံ့ဆော်မှုများကို "အမုန်းတရား လှုံ့ဆော်မှု" အဖြစ် ရည်ညွှန်းပြောဆိုထားပါသည်။

ကျင်းပပြုလုပ်ခဲ့သည်။[၂] OHCHR သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများက အကာအကွယ်ပေးထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် အပြည့်အဝ လေးစားမှုရှိစေရန် တိုက်တွန်းအားပေးပြီး ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို ပြုလုပ်ရန် နှိုးဆော်နေသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသည့် အမုန်းတရား စည်းရုံးလှုံ့ဆော်မှုနှင့် ပတ်သက်သည့် နိုင်ငံတော်နှင့် ဒေသန္တရအဆင့် ဥပဒေပြဋ္ဌာန်းမှု၊ ဥပဒေစနစ်နှင့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ဘက်စုံအကဲဖြတ်နိုင်ရေးကို ရည်မှန်း၍ ဤသို့ကျင်းပခဲ့ခြင်းဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းစကားများ၊ အထူးသဖြင့် မတူကွဲပြားသော လူမှုအသိုက်အဝန်းများအကြားနှင့် အသိုက်အဝန်းတွင်းတွင် ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို ပေါ်ပေါက်စေခဲ့ပြီး အာရုံစိုက်ရာ ဗဟိုအချက်အချာဖြစ်လာခဲ့သော အရေးကိစ္စတစ်ခုဖြစ်သည့် ဘာသာရေးဆိုင်ရာ အရေးပြဿနာများနှင့် သက်ဆိုင်သည့် အမုန်းစကားများအကြား ဆက်နွှယ်မှုအပေါ် အလေးပေးထားပါသည်။

၃။ ၂၀၁၁ ခုနှစ်တွင် ကျင်းပခဲ့သော ပညာရှင် နှီးနှောဖလှယ်ပွဲများသည် သက်ဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအား ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်ရန်အတွက် အချက်အလက်အမြောက်အမြားနှင့်တကွ လက်တွေ့ကျသော အဆိုပြုချက်အများအပြားကို ရရှိစေခဲ့သည်။[၃] ၂၀၁၁ ခုနှစ် နှီးနှောဖလှယ်ပွဲများ၏ ကြွယ်ဝသော ရလဒ်များကို စာရင်းကောက်ရန် OHCHR သည် အဆင့်အားလုံးတွင် အလားအလာရှိသော လုပ်ဆောင်ချက်များကို ဖော်ထုတ်ရန်နှင့် အတွေ့အကြုံများကို မျှဝေရာတွင် အကောင်းဆုံးနည်းလမ်းများကို စဉ်းစားဆင်ခြင်ရန် အစရှိသည့် နှီးနှောဖလှယ်ပွဲ ၄ ခု၏ တွေ့ရှိချက်များအပေါ် နှိုင်းယှဉ်၍ စိစစ်လေ့လာရန်အတွက် နောက်ဆုံးအဆင့် ပညာရှင် နှီးနှောဖလှယ်ပွဲကို မော်ရိုကိုနိုင်ငံ ရာဘတ်မြို့၌ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၄ ရက်နှင့် ၅ ရက်တွင် စည်းဝေးကျင်းပခဲ့သည်။

[၂] ဒေသန္တရ ပညာရှင် နှီးနှောဖလှယ်ပွဲ ၄ ခုနှင့် ရာဘတ်မြို့ အစည်းအဝေးသည် ကွဲပြားခြားနားသည့် နောက်ခံနယ်ပယ်များမှ လာသော ပညာရှင် ၄၅ ဦးကို အတူတကွ ပေါင်းစည်းပေးခဲ့ပြီး ဦးရေ ၂၀၀ ထက်ပိုသော လေ့လာသူများက ငြင်းခုံဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြပါသည်။
[၃] ပညာရှင် နှီးနှောဖလှယ်ပွဲ ၄ ခုအတွက် မဟာမင်းကြီး၏ မှာကြားချက်နှင့်အတူ နောက်ခံလေ့လာမှုများ၊ ပညာရှင်များ၏ စာတမ်းများ၊ ပတ်သက်ဆက်နွှယ်နေသူများထံမှ ကူညီထောက်ပံ့မှုများနှင့် အစည်းအဝေး အစီရင်ခံစာများကို ဤနေရာတွင် တွေ့ရှိနိုင်ပါသည် - www.ohchr.org/ EN/Issues/FreedomOpinion/Articles1920/Pages/Index.aspx

၄။ လွတ်လပ်စွာ ထင်မြင်ယူဆ ထုတ်ဖော်ပြောဆိုခွင့်ကို အားပေးမြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်းတို့နှင့် သက်ဆိုင်သည့် အထူးအစီရင်ခံစာတင်သွင်းသူ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုနှင့် သက်ဆိုင်သည့် အထူးအစီရင်ခံစာတင်သွင်းသူနှင့် လူမျိုးရေးဝါဒ၊ လူမျိုးရေးခွဲခြားမှု၊ သူစိမ်းကြောက်ခြင်းနှင့် သက်ဆိုင်ရာ အကဲဆတ်ခြင်းများ၏ ခေတ်သစ်အသွင်ပုံစံများနှင့် သက်ဆိုင်သည့် အထူးအစီရင်ခံစာတင်သွင်းသူ၊ လူမျိုးရေးခွဲခြားမှု ပပျောက်ရေးကော်မတီဝင်ပုဂ္ဂိုလ်တစ်ဦးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း Article XIX ၏ ကိုယ်စားလှယ်တစ်ဦးအပါအဝင် မော်ဒရိတ်တာ ၄ ဦးနှင့် ဒေသန္တရ နှီးနှောဖလှယ်ပွဲ ၄ ခုစလုံးတွင် ပါဝင်ခဲ့သောပညာရှင်များလည်း ရာဘတ် နှီးနှောဖလှယ်ပွဲကို တက်ရောက်ခဲ့ကြသည်။

၅။ ဒေသန္တရ နှီးနှောဖလှယ်ပွဲများ ကျင်းပရာတွင် ဆောင်ရွက်ခဲ့သည့်နည်းတူ အဖွဲ့ဝင်နိုင်ငံများကို လေ့လာသူများအဖြစ် ပါဝင်ရန် ဖိတ်ကြားခဲ့ပြီး ၎င်းတို့၏ မြို့တော်များမှ ပညာရှင်များကို ကိုယ်စားလှယ်အဖွဲ့အတွင်းတွင် ထည့်သွင်းရန် တိုက်တွန်းခဲ့သည်။ သက်ဆိုင်ရာ ကုလသမဂ္ဂဌာနများ၊ ရန်ပုံငွေအဖွဲ့များနှင့် စီမံကိန်းအဖွဲ့များအပြင် သက်ဆိုင်ရာ နိုင်ငံတကာနှင့် ဒေသန္တရ အဖွဲ့အစည်းများ၊ နိုင်ငံတော်အဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (ပညာရေးနယ်ပယ်မှသူများ၊ သတင်းစာဆရာများနှင့် ဘာသာရေးအခြေပြုအဖွဲ့အစည်းများ အပါအဝင်) တို့သည်လည်း လေ့လာသူများအနေနှင့် ပါဝင်နိုင်ခဲ့ကြသည်။

၆။ ရာဘတ်မြို့ နှီးနှောဖလှယ်ပွဲတွင် ပါဝင်ခဲ့သော ပညာရှင်များက သဘောတူညီထားသည့် သုံးသပ်ချက်များနှင့် အကြံပြုချက်များကို အောက်ပါ ရလဒ်စာတမ်းတွင် ထင်ဟပ်ဖော်ပြထားပါသည်။

## ၂။ အကြောင်းအရာ

၇။ ယနေ့ ကမ္ဘာကြီးသည် ယခင်ကထက် ပို၍ အချင်းချင်းချိတ်ဆက်မှုရှိလာပြီး လူမှုအဖွဲ့အစည်း အဆောက်အအုံသည် ယဉ်ကျေးမှုပေါင်းစုံသည့် သဘောသဘာဝကို ဆောင်လာသည်နှင့်အမျှ အမုန်းတရားလှုံ့ဆော်မှု ပြဿနာကို အသစ်တဖန် ပြန်လည်ဂရုပြုမိလာစေသော ဖြစ်ရပ်အများအပြားကို မကြာသေးမီနှစ်များက ကမ္ဘာ့နေရာအနှံ့အပြားတွင်

တွေ့လာရသည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဖြစ်ပွားခဲ့သော ကမ္ဘာအနှံ့မှ အငြင်းပွားမှုများတွင်လည်း အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရား လှုံ့ဆော်မှုများ အနည်းနှင့်အများ ပါဝင်နေကြောင်း အလေးပေးဖော်ပြသင့်ပါသည်။

၈။ လူ့အခွင့်အရေးများ အားလုံးကို လူတိုင်းခံစားခွင့်ရှိပြီး သီးခြားစီခွဲခြား၍မရဘဲ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီဖြစ်ကာ အပြန်အလှန် ဆက်နွယ်နေကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်အကြောင်း ဆွေးနွေးရာတွင် ဤ အပြန်အလှန်တည်မှီနေမှုကို အခြားသော လူ့အခွင့်အရေးများအကြောင်း ဆွေးနွေးရာတွင်ထက် ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို လက်တွေ့ကျင့်သုံးခြင်းသည် ကွဲပြားသော ရှုထောင့်နှင့် သဘောထားအမြင်များကို ထုတ်ဖော်ပြသနိုင်သည့် အားမာန်အပြည့်နှင့် အမြင်စုံလင်သော လူထုအကျိုးဆိုင်ရာ ငြင်းခုံဆွေးနွေးပွဲများကို ပေါ်ပေါက်လာစေနိုင်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် လေးစားမှုသည် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော လူသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း အပါအဝင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်ရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

၉။ ဝမ်းနည်းဖွယ်ရာမှာ လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများသည် ၎င်းတို့၏ ဇာတိမျိုးနွယ် သို့မဟုတ် ကိုးကွယ်သည့် ဘာသာတရားကြောင့် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုအသွင်ပုံစံအမျိုးမျိုးကို ကြုံတွေ့ခံစားနေရသည်။ ဤအရေးနှင့်ပတ်သက်၍ အထူးစိန်ခေါ်မှုတစ်ခုမှာ မျိုးရိုး၊ မူလဇာတိနှင့် ဘာသာတရားတို့ကို ကြိုးကိုင်ခြယ်လှယ်ခြင်း၏ အနုတ်သဘောဆောင်သော အကျိုးဆက်များကို ထိန်းချုပ်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ခြင်း အယူအဆကို အခြားအရာများအပြင် နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ရည်ရွယ်ချက်များအတွက် တလွဲအသုံးချမှုတို့ကို ကာကွယ်တားဆီးရန်တို့ ဖြစ်သည်။

၁၀။ အများအားဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်တို့သည် တင်းမာသော ဆက်နွယ်မှုတစ်ခုရှိနေသည် သို့မဟုတ် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည်ဟုပင် အဆိုရှိသည်။ စင်စစ်တွင်မူ ၎င်းတို့သည် အပြန်အလှန် မှီခိုနေကြပြီး တစ်ခုကိုတစ်ခု ပိုမိုခိုင်မာစေသည်။ လွတ်လပ်စွာ လူပုံလယ် ပြောဟောခြင်းသည် လူအများတွင် ရှိနိုင်မည့် ထင်မြင်

ယူဆချက်များ မတူကွဲပြားမှုကို လေးစားမှုရှိခြင်းအပေါ်တွင် မူတည်နေသကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို အလေးမထားပါက ဘာသာတရားတစ်ခုကို လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့် သို့မဟုတ် မကိုးကွယ်ပိုင်ခွင့်သည်လည်း တည်ရှိမည်မဟုတ်ပါ။ အလားတူပင် ဘာသာရေးနှင့်ဆိုင်သည့် အပြုသဘောဆောင်သော ဆွေးနွေးမှုများကို ပြုလုပ်နိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို မရှိမဖြစ် လိုအပ်သည်။ စင်စစ် ပွင့်လင်းစွာ ငြင်းခုံဆွေးနွေးရာတွင် ဘာသာရေးဆိုင်ရာ အဓိပ္ပာယ်ကောက်ယူချက်များသည် ဘာသာရေးယုံကြည်မှုကို ကျောထောက်နောက်ခံပေးသော မူလစံတန်ဖိုးများကို လိုက်နာထားခြင်း ရှိမရှိ သို့မဟုတ် မမှန်မကန် လိုရာဆွဲယူထားခြင်း ဟုတ်မဟုတ်တို့ကို စစ်ဆေးရာတွင် လွတ်လပ်၍ ကြောင်းကျိုးသင့် စဉ်းစားတွေးခေါ်နိုင်စွမ်းသည် အားအထားရဆုံးသော နည်းလမ်းဖြစ်ပါသည်။

၁၁။ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ပါ အပိုဒ် (၂၀) ၏ အနိမ့်ဆုံး စံအတိုင်းအတာအထိ ရောက်ရှိလာသော ဖြစ်ရပ်များအား ကျူးလွန်သူများသည် တရားစွဲခံရခြင်းနှင့် အပြစ်ပေးခံရခြင်း မရှိသည်မှာ စိုးရိမ်ဖွယ်ဖြစ်သည်။ တစ်ချိန်တည်းတွင်မူ မတိကျသော ပြည်တွင်း ဥပဒေပြဋ္ဌာန်းမှု၊ ဥပဒေစနစ်နှင့် မူဝါဒများကို အလွဲသုံးစားပြုခြင်းဖြင့် လူနည်းစုဖြစ်သော လူမျိုးစုအဖွဲ့ဝင်များကို ကျောချမ်းဖွယ်ရာပင် နှိပ်စက်ညှဉ်းပန်းမှု ပြုနေကြသည်။ ဤကဲ့သို့ (က) "အမုန်စင်စစ်" လှုံ့ဆော်မှုပြုသော ကိစ္စများကို အရေးမယူခြင်း နှင့် (ခ) ပြည်တွင်း လှုံ့ဆော်မှုဥပဒေ အမည်ခံ၍ လူနည်းစုများအား နှိပ်စက်ညှဉ်းပန်းနေခြင်း စသည့် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသော ဖြစ်ရပ်မျိုးသည် နေရာတကာတွင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရသည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင်ရှိသော လှုံ့ဆော်မှုကို ဆန့်ကျင်သည့် ဥပဒေများသည် သောင်းပြောင်းထွေလာ ရောနှောနေတတ်ပြီး အချို့အချိန်များတွင် အလွန်တရာ ကျဉ်းမြောင်း၍ မရေမရာဖြစ်နေတတ်သည်။ အမုန်းတရားလှုံ့ဆော်မှုနှင့်ဆိုင်သည့် ဥပဒေစနစ်သည် ရှားပါး၍ ကြုံရာကျပန်းဖြစ်နေပြီး နိုင်ငံအများအပြားသည် သက်ဆိုင်ရာ မူဝါဒများကို အတည်ပြု ကျင့်သုံးနေပြီဖြစ်သော်လည်း အများစုမှာ ယေဘုယျဆန်လွန်းခြင်း၊ စနစ်တကျ လိုက်နာ ဆောင်ရွက်မှုမရှိခြင်း၊ အလေးပေးဦးတည်မှု မရှိခြင်းနှင့် အကျိုးသက်ရောက်မှုကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်မှု မရှိခြင်းတို့ကို တွေ့ရသည်။

၁၂။ ကမ္ဘာ့နေရာအနှံ့အပြားတွင် နှီးနှောဖလှယ်ပွဲ ၄ ခုကို ပြုလုပ်ခြင်းနှင့် ရာဘတ်မြို့တွင် အပြီးသတ်အစီရင်ခံဆွေးနွေးသည့် နှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းတို့သည် အလွန်ပင်

ချိန်သားကိုက်၍ အသုံးဝင်သော ပဏာမလုပ်ငန်းဖြစ်ပါသည်။ သက်ဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ ပညာရှင်များနှင့် အထူးလုပ်ပိုင်ခွင့်ရ ပုဂ္ဂိုလ်များ၏ ပြည့်ပြည့်ဝဝ ပါဝင်မှုအကျိုးကို ခံစားခဲ့ရပါသည်။

## ၃။ အမုန်းတရား လှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးကို အကောင်အထည်ဖော်ခြင်း

၁၃။ ဤနောက်ခံအခြေအနေတွင် အောက်ပါ သုံးသပ်ချက်များနှင့် အကြံပြုချက်များသည် ပညာရှင်များ ကြာမြင့်စွာ စဉ်းစားထားသည့် ရှင်းလင်းမြင်သာ၍ နက်နဲသော ဆင်ခြင် သုံးသပ်ချက်ကို ပေါင်းစည်းညှိနှိုင်းထားခြင်း ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းမှု၊ တရားရေး အခြေခံအဆောက်အအုံနှင့် မူဝါဒပိုင်းဆိုင်ရာ သုံးသပ်ချက်များသည် နိုင်ငံတကာ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို နှိုးဆွသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသည့် အမုန်းတရား စည်းရုံးလှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးကို အကောင်အထည်ဖော်ရာတွင် ပတ်သက်ဆက်နွယ်နေသူများအားလုံးကို ပိုမိုကောင်းမွန်စွာ လမ်းညွှန်နိုင်ရန် ရည်ရွယ်ပါသည်။

### (က) ဥပဒေပြဋ္ဌာန်းမှု

#### သုံးသပ်ချက်များ

၁၄။ နိုင်ငံတော်အဆင့် ဥပဒေပြဋ္ဌာန်းမှုကို လမ်းညွှန်ပေးရန် ရည်ရွယ်ထားသော နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများတွင် "အမုန်းစကား" အဖြစ် သတ်မှတ်နိုင်သော ထုတ်ဖော်ပြောဆိုမှုကို အခြားသူများ၏ အခွင့်အရေးကို လေးစားခြင်း၊ အများပြည်သူ တည်ငြိမ်ရေး သို့မဟုတ် တစ်ခါတစ်ရံတွင် နိုင်ငံတော်လုံခြုံရေးအပါအဝင် အကြောင်းပြချက်အမျိုးမျိုးဖြင့် အပြည်ပြည် ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် (၁၈) နှင့် (၁၉) အရ ကန့်သတ်ချုပ်ချယ်နိုင်သည်။ နိုင်ငံများသည်လည်း ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို "လှုံ့ဆော်" သော ထုတ်ဖော်ပြောဆိုမှုကို "တားမြစ်ပိတ်ပင်" ရန် မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သည် (သဘောတူစာချုပ်၏ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂ နှင့် အချို့သော

အခြေအနေများတွင် နိုင်ငံတကာ လူမျိုးရေးခွဲခြားမှုပုံသဏ္ဍာန်များအားလုံး ပပျောက်ရေးညီလာခံ သဘောတူညီချက်၏ အပိုဒ် ၄)။

၁၅။ နှီးနှောဖလှယ်ပွဲများအတွင်း ဆွေးနွေးချက်များမှ အမုန်းတရားလှုံ့ဆော်မှုကို တားမြစ်ပိတ်ပင်သော ဥပဒေပြဋ္ဌာန်းမှုသည် ပုံသေမဟုတ်သော အခေါ်အဝေါ်များကို သုံးနှုန်း၍ အများအားဖြင့် သဘောတူစာချုပ်၏ အပိုဒ် (၂၀) နှင့် ရှေ့နောက်မညီဖြစ်နေပြီး ကမ္ဘာအနှံ့ရှိ ပြည်တွင်းတရားဥပဒေမူဘောင် အများအပြားတွင် အမုန်းတရားလှုံ့ဆော်မှုကို တရားဝင်တားမြစ်ပိတ်ပင်ခြင်းမျိုး မရှိကြောင်း ထင်ရှားစေခဲ့သည်။ ပြည်တွင်း ဥပဒေပြဋ္ဌာန်းမှုတွင် အမုန်းတရားလှုံ့ဆော်မှုကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုလေလေ ဥပဒေများကို ဆန္ဒရှိသည့်အတိုင်း ရှေ့နောက်မညီကျင့်သုံးနိုင်ခြေ ပိုများလေလေ ဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချုပ်ချယ်သော ခေါင်းစဉ်အမျိုးအစားအသစ်များကို အမျိုးသား ဥပဒေပြဋ္ဌာန်းမှုတွင် တရားဝင်ထည့်သွင်းလျက်ရှိသော်လည်း အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး ကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်ခြင်းဆိုင်ရာ ပြစ်မှုများနှင့် သက်ဆိုင်သည့် အခေါ်အဝေါ်များသည် နိုင်ငံအလိုက် ပြောင်းလဲနေပြီး ပိုမို၍ မရေမရာဖြစ်လာလျက်ရှိသည်။ ထိုအချက်သည် သဘောတူစာချုပ်၏ အပိုဒ် (၂၀) ကို အဓိပ္ပာယ်ကောက်လွဲမှု ဖြစ်ပေါ်စေနိုင်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့်ပတ်သက်၍ သဘောတူစာချုပ်၏ အပိုဒ် (၁၉) တွင် မပါဝင်သော ကန့်သတ်ချုပ်ချယ်ချက်များကို အပိုဆောင်းပါဝင်စေနိုင်သည်။

၁၆။ အချို့နိုင်ငံများတွင် လူမျိုးရေးနှင့် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရားလှုံ့ဆော်မှုကို ပြစ်မှုအဖြစ် သတ်မှတ်ကြပြီး အခြားနိုင်ငံများတွင် လူမျိုးရေးနှင့် သက်ဆိုင်သည့် အမုန်းတရားလှုံ့ဆော်မှုကိုသာ ပြစ်မှုအဖြစ် သတ်မှတ်ကြသည်။ အချို့နိုင်ငံများသည် အခြားသော ကဏ္ဍများနှင့်ပတ်သက်သည့် အမုန်းတရားလှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးကိုလည်း အသိအမှတ်ပြုလက်ခံကြသည်။ နိုင်ငံတော် ပြဋ္ဌာန်းချက်များသည် တရားမဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေအကြားတွင် ပြောင်းလဲနေသည် - နိုင်ငံအများအပြားတွင် အမုန်းတရား လှုံ့ဆော်မှုသည် ပြစ်မှုဆိုင်ရာဥပဒေနှင့် ငြိစွန်းသော ပြစ်မှုဖြစ်ပြီး အချို့နိုင်ငံများတွင်မူ ၎င်းသည် ပြစ်မှုဆိုင်ရာ ဥပဒေနှင့် တရားမဥပဒေ နှစ်မျိုးစလုံးအောက်သို့ ကျရောက်သည် သို့မဟုတ် တရားမဥပဒေအောက်တွင်သာ ကျရောက်သည်။

၁၇။ နိုင်ငံတကာအဆင့်တွင် အမုန်းတရားလှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးကို အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် (၂၀) နှင့် နိုင်ငံတကာ လူမျိုးရေးခွဲခြားမှုပုံသဏ္ဍာန်များအားလုံး ပပျောက်ရေးညီလာခံ သဘောတူညီချက်၏ အပိုဒ် (၄) တို့တွင် ထင်ရှားစွာ သတ်မှတ်ပြဋ္ဌာန်းထားသည်။ လူ့အခွင့်အရေးကော်မတီသည် ၎င်း၏ လွတ်လပ်စွာ ထင်မြင်ယူဆ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထွေထွေမှတ်ချက် အမှတ် ၃၄ (၂၀၁၁) တွင်

> "ဘာသာရေးစော်ကားမှုကို တားမြစ်ချုပ်ချယ်သည့် ဥပဒေများ အပါအဝင် ဘာသာတရား တစ်ခု သို့မဟုတ် အခြား ယုံကြည်မှုစနစ်အပေါ် လေးစားမှုမရှိကြောင်း ပြသခြင်းများကို တားမြစ်ပိတ်ပင်ခြင်းများသည် သဘောတူစာချုပ်၏ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂ တွင် မှန်းဆတွေးတောထားသည့် အထူးသီးသန့် အခြေအနေများတွင်မှလွဲ၍ သဘောတူ စာချုပ်နှင့် သဟဇာတမဖြစ်ပေ။ ၎င်းတားမြစ်ပိတ်ပင်ခြင်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၃ နှင့်တကွ အပိုဒ် ၂၊ ၅၊ ၁၇၊ ၁၈ နှင့် ၂၆ တို့တွင် ပါရှိသော တင်းကျပ်သည့် လိုအပ်ချက်များကိုလည်း လိုက်နာရမည်ဖြစ်သည်။ ဥပမာအားဖြင့် ၎င်းဥပဒေများသည် တစ်ခု သို့မဟုတ် အချို့သော ဘာသာတရားများ သို့မဟုတ် ယုံကြည်မှုစနစ်များတွင် တစ်ခုထက် တစ်ခုကို မျက်နှာသာပေး၍သော်လည်းကောင်း၊ ပိုမို ဖိနှိပ်၍သော် လည်းကောင်း ခွဲခြားဆက်ဆံခြင်း၊ ၎င်းတို့ကို ကိုးကွယ်ယုံကြည်သူ နောက်လိုက်များကို အခြားသော နောက်လိုက်များထက် မျက်နှာသာပေး၍ သို့မဟုတ် ဘာသာတရား သက်ဝင်ယုံကြည်သူများကို သက်ဝင်ယုံကြည်ခြင်းမရှိသော သူများထက် မျက်နှာသာ ပေး၍ ခွဲခြားဆက်ဆံမှုပြုခြင်းများကို လက်သင့်ခံမည်မဟုတ်ပေ။ ဘာသာရေး ခေါင်းဆောင်များအပေါ် ဝေဖန်ခြင်း သို့မဟုတ် ဘာသာရေးအယူဝါဒနှင့် သက်ဝင် ယုံကြည်မှု ရေသောက်မြစ်များအပေါ် ထင်မြင်ချက်ပေးခြင်းတို့ကို တားဆီးကာကွယ်ရန် သို့မဟုတ် အပြစ်ပေးရန်အတွက် ၎င်းတားမြစ်ပိတ်ပင်ခြင်းများအား အသုံးချခြင်းကိုလည်း လက်သင့်ခံမည်မဟုတ်ပါ" (အပိုဒ်ခွဲ ၄၈)။

၁၈။ သဘောတူစာချုပ်၏ အပိုဒ် ၂၀ သည် မြင့်မားသော အနိမ့်ဆုံး စံအတိုင်းအတာကို လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် အခြေခံကျသော ဥပဒေသအနေနှင့် ပြောဆိုခွင့်အပေါ်

ကန့်သတ်မှုသည် ခြွင်းချက်အဖြစ် ကျန်ရှိရမည်ဆိုသောကြောင့် ဖြစ်သည်။ ယင်းအနိမ့်ဆုံး စံအတိုင်းအတာသည် သဘောတူစာချုပ်ပါ အပိုဒ် ၁၉ ၏ ပြဋ္ဌာန်းချက်များကို ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ စင်စစ်တွင် ကန့်သတ်ချက်များအတွက် အပိုင်း ၃ ပိုင်းရှိသော စစ်ဆေးမှု (တရားဥပဒေနှင့် ညီညွတ်ခြင်း၊ အချိုးကျခြင်းနှင့် မရှိမဖြစ် လိုအပ်ခြင်း) သည် အမုန်းတရား လှုံ့ဆော်မှုများ ပါဝင်နေသော ကိစ္စများအတွက်လည်း အသုံးချနိုင်သည်။ ၎င်းကန့်သတ်ချက် များသည် ဥပဒေက သတ်မှတ်ထားခြင်း ဖြစ်ရမည်၊ တရားဝင်ဖြစ်သော အကျိုးစီးပွားတစ်ခုကို ဖြည့်ဆည်းပေးနိုင်ရန် စေ့စပ်စွာ သတ်မှတ်ပြဋ္ဌာန်းထားရမည်၊ ထို့နောက် ဒီမိုကရေစီဝါဒ အခြေခံသော လူ့အဖွဲ့အစည်းအတွင်းတွင် ထိုအကျိုးစီးပွားကို ကာကွယ်ရန်အတွက် ၎င်းကန့်သတ်ချက်များကို လိုအပ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကန့်သတ်ချက်များကို ရှင်းလင်းပြတ်သား စေ့စပ်စွာ သတ်မှတ်ထားရမည်ဖြစ်ပြီး အပူတပြင်းဖြစ်သော လူမှုလိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရမည်၊ ကိုယ်ရေးကိုယ်တာစွက်ဖက်မှု အနည်းဆုံးဖြစ်သော စီမံချက်ဖြစ်ရမည်၊ ၎င်းကန့်သတ်ချက်များသည် ထုတ်ဖော်ပြောဆိုပိုင်ခွင့်အပေါ် ရည်မှန်း မထားသော နည်းဖြင့် ကန့်သတ်ချုပ်ချယ်မှုမရှိစေရန်အတွက် အလွန်အကျွံ ကျယ်ပြန့်ခြင်းမရှိစေရ၊ ထို့ပြင် အကာအကွယ်ပေးထားသော အကျိုးစီးပွားသည် ၎င်းတို့ ချမှတ်သော အရေးယူမှုများ အပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေမည့် ပမာဏထက် အချိုးကျ သာလွန်နေရမည်ဟု အဓိပ္ပာယ်ရပါသည်။[၆]

၁၉။ နိုင်ငံတော်အဆင့်တွင် ဘာသာရေးစော်ကားမှုကို တားမြစ်ချုပ်ချယ်သည့် ဥပဒေများသည် ဘာသာရေး သို့မဟုတ် ယုံကြည်မှုအချင်းချင်းအကြားနှင့် ဘာသာရေး သို့မဟုတ် ယုံကြည်မှုစနစ်အတွင်း အပြုသဘောဆောင်၍ သင့်တင့်ကောင်းမွန်ပြီး လိုအပ်လျက်ရှိသော အပြန်အလှန်ဆွေးနွေးခြင်း၊ ငြင်းခုံဆွေးနွေးခြင်းနှင့် ဝေဖန်ခြင်းများ အားလုံးအပေါ် ပြင်းထန်စွာ ဝေဖန်ပြစ်တင်ခြင်းနှင့် အဆုံးသတ်နိုင်သောကြောင့် ဖြစ်စေချင်သည်နှင့် တခြားစီဖြစ်နေ တတ်သည်။ ထို့ပြင် ဘာသာရေးစော်ကားမှုကို တားမြစ်ချုပ်ချယ်သည့် ဥပဒေအများအပြားသည် ဘာသာတရားအမျိုးမျိုးအပေါ် မတူညီသော အကာအကွယ်များ ပေးခြင်းကြောင့် အများအားဖြင့် ၎င်းတို့ကို ခွဲခြားဆက်ဆံသော နည်းအဖြစ် အသုံးချနေကြကြောင်းကို တွေ့ရှိရပြီးဖြစ်သည်။

[၆] Article XIX, လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တန်းတူညီမျှမှု ကမ်ဒန်ဥပဒေသများ၊ (လန်ဒန်မြို့ အေပရယ် ၂၀၀၉)၊ ဥပဒေသ ၁၁ ကို ကြည့်ပါ။

ဘာသာရေးဆိုင်ရာ ပြစ်မှုများပါဝင်သော ဥပဒေပြဋ္ဌာန်းမှု သို့မဟုတ် အဓိပ္ပါယ်မသဲကွဲသော စကားရပ်များ ပါရှိသော ဥပဒေများကို အလွန်အကျွံ စိတ်အားထက်သန်စွာ အသုံးချခြင်းတို့၏ ရလဒ်အနေနှင့် လူနည်းစုဖြစ်သော ဘာသာရေးကိုးကွယ်သူများ သို့မဟုတ် အမြင်မတူသူများ၊ ဘုရားမဲ့ဝါဒီများနှင့် ယုံကြည်သက်ဝင်မှု မရှိသူများ နှိပ်စက်ညှဉ်းပန်းခံရခြင်း သာဓက အများအပြားကို တွေ့နိုင်ပါသည်။ ထို့ပြင် သက်ဆိုင်ရာ နိုင်ငံတကာ တရားဝင် စံနှုန်းများတွင် အမြတ်တနိုး ထိန်းသိမ်းထားသည့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်တွင် ဝေဖန်မှု သို့မဟုတ် လှောင်ပြောင်သရော်မှုတို့မှ လွတ်ကင်းသော ဘာသာတရား သို့မဟုတ် ယုံကြည်မှုတစ်ခုကို ရပိုင်ခွင့်ဟူ၍ မပါဝင်ပေ။

## အကြံပြုချက်များ

၂၀။ ယေဘုယျဥပဒေသများအနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုမြောက်သော ထုတ်ဖော်ပြောဆိုမှု၊ ပြစ်မှုဆိုင်ရာဥပဒေအရ အပြစ်မပေးနိုင်သော်လည်း တရားမမှုအဖြစ် စွဲဆိုခံရခြင်း သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ အရေးယူမှုများနှင့် ဆီလျော်သော ထုတ်ဖော်ပြောဆိုမှု၊ ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမဥပဒေ သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ အရေးယူမှုများ မလိုအပ်သော်လည်း သည်းခံမှု၊ ယဉ်ကျေးရည်မွန်မှုနှင့် အခြားသူများ၏ အခွင့်အရေးများကို လေးစားမှုတို့နှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာဖြစ်သော ထုတ်ဖော်ပြောဆိုမှု အစရှိသည့် ထုတ်ဖော်ပြောဆိုခြင်း ၃ မျိုးကို ရှင်းရှင်းလင်းလင်း ခွဲခြားသတ်မှတ်ထားသင့်သည်။

၂၁။ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၁၉ နှင့် ၂၀ အကြားရှိ ဆက်နွယ်မှုကို သတိချပ်၍ နိုင်ငံများသည် ၎င်းတို့၏ အမုန်းတရားလှုံ့ဆော်မှုဆိုင်ရာ ပြည်တွင်း တရားဥပဒေမူဘောင်ကို သဘောတူစာချုပ်၏ အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂ ("...ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို ပြုလုပ်ရန် နှိုးဆော်နေသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသည့် အမုန်းတရား စည်းရုံးလှုံ့ဆော်မှု...") တွင်ရှိသော ရည်ညွှန်းရေးသားချက်မှ လမ်းညွှန်ချက်အတိုင်း ဖော်ဆောင်သင့်ပြီး အမုန်းတရား၊ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှု၊ ရန်လိုမှု စသည့် အဓိက

ဝေါဟာရများအတွက် ခိုင်မာသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသုံးပြုရန် ထည့်သွင်းစဉ်းစားသင့်သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းမှုကို (Camden) ကမ်ဒန်ဥပဒေသများတွင် ပါရှိသော လမ်းညွှန်ချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ[၅] မှ ထုတ်နုတ်ရယူနိုင်ပါသည်။[၆]

၂၂။ နိုင်ငံများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်သည့် ကန့်သတ်ချက်များအတွက် တရားဥပဒေနှင့် ညီညွတ်ခြင်း၊ အချိုးကျခြင်းနှင့် မရှိမဖြစ် လိုအပ်ခြင်းဟူသည့် အပိုင်း ၃ ပိုင်းရှိသော စစ်ဆေးမှု ကို အမုန်းတရား လှုံ့ဆော်မှုများ ပါဝင်နေသော ကိစ္စများအတွက်လည်း အသုံးချနိုင်စေရန် ပြုလုပ်သင့်ပါသည်။

၂၃။ နိုင်ငံများသည် လူ့အခွင့်အရေးကော်မတီနှင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေးကော်မတီနှင့် ၎င်းတို့၏ အထွေထွေမှတ်ချက် အမှတ် ၃၄ (၂၀၁၁) နှင့် အထွေထွေအကြံပြုချက် အမှတ် ၁၅ (၁၉၉၃) အသီးသီးနှင့်အတူ လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ပိုင်ခွင့်ရ ပုဂ္ဂိုလ်များ အသီးသီးတို့ အပါအဝင်ဖြစ်သည့် နိုင်ငံတကာ လူ့အခွင့်အရေး ပညာရှင်အဖွဲ့အစည်းယန္တရားများက ပေးစွမ်းသော လမ်းညွှန်မှုကို ကောင်းစွာ အသုံးချသင့်ပါသည်။

၂၄။ နိုင်ငံများအား သက်ဆိုင်ရာ နိုင်ငံတကာနှင့် ဒေသန္တရ လူ့အခွင့်အရေး စာချုပ်စာတမ်းများကို အတည်ပြု၍ ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ယင်းတို့နှင့်သက်ဆိုင်သော ခြွင်းချက်များကို

---

[၅] ဥပဒေသ ၁၂ နှင့်အညီ အမျိုးသား တရားဥပဒေစနစ်တွင် "အမုန်းတရား" နှင့် "ရန်လိုမှု" ဝေါဟာရတို့သည် ဦးတည်အဖွဲ့အပေါ် ကဲ့ရဲ့ခြင်း၊ မလိုမုန်းထားစိတ်နှင့် စက်ဆုပ်ခြင်း စသည့် ပြင်းထန်၍ အကြောင်းမဲ့ဖြစ်သော ခံစားချက်များကို ရည်ညွှန်းကြောင်း၊ "စည်းရုံးလှုံ့ဆော်မှု" ဝေါဟာရသည် ဦးတည်အဖွဲ့အပေါ် အမုန်းတရားကို မြင့်တက်စေရန် လူသိရှင်ကြား ပြုလိုသည့် ရည်ရွယ်ချက်ရှိခြင်းကို နားလည်ရန်ဖြစ်ကြောင်းနှင့် "နှိုးဆွခြင်း" ဝေါဟာရသည် ၎င်းအဖွဲ့များတွင် ပါဝင်နေသော လူပုဂ္ဂိုလ်များအပေါ်သို့ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို ဖြစ်ပွားစေနိုင်သော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သည့် ပြောဆိုရေးသားပုံများကို ရည်ညွှန်းကြောင်းတို့ကို ပြည့်စုံရှင်းလင်းစွာ သို့မဟုတ် ခိုင်လုံသော အဓိပ္ပာယ်ရှင်းလင်းချက်မှတစ်ဆင့် သိသာထင်ရှားအောင် ပြုလုပ်ထားသင့်သည်။

[၆] ယင်းဥပဒေသများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တန်းတူညီမျှမှု ကိစ္စများနှင့် သက်ဆိုင်သည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ ပညာရှင်များ ပါဝင်နေသော ပတ်သက်ဆက်နွှယ်သူများ၏ ဆွေးနွေးချက်များကို အခြေခံသည့် အပိုဒ် ၁၉ မှ ပြင်ဆင်ထားခြင်း ဖြစ်သည်။ ဤဥပဒေသများသည် (အမျိုးသားဥပဒေများနှင့် နိုင်ငံတော် တရားရုံးများ၏ ဆုံးဖြတ်ချက်များ အရ) နိုင်ငံများက အတည်ပြုကျင့်သုံးနေသည့် နိုင်ငံတကာ ဥပဒေနှင့် စံနှုန်းများ၏ တိုးတက်သော အဓိပ္ပာယ်ရှင်းလင်းချက်နှင့် နိုင်ငံများအသင်းက အသိအမှတ်ပြုထားသည့် အထွေထွေဥပဒေသများ ဥပဒေကို ကိုယ်စားပြုပါသည်။

ဖယ်ရှားရန်နှင့် အဆိုပါစာချုပ်စာတမ်းများအရ အစီရင်ခံတင်ပြရမည့် ဝတ္တရားများကို လေးစားလိုက်နာရန် တိုက်တွန်းအားပေးထားပါသည်။

၂၅။ ဘာသာရေးစော်ကားမှုကို တားမြစ်ချုပ်ချယ်သည့် ဥပဒေများသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ခံစားပိုင်ခွင့်နှင့် ဘာသာတရားများအကြောင်း သင့်တင့်ကောင်းမွန်သော ဆွေးနွေးဖလှယ်ခြင်းနှင့် ငြင်းခုံဆွေးနွေးခြင်းများကို ထိန်းချုပ်ကန့်သတ်ထားသောကြောင့် ယင်းဥပဒေများရှိသော နိုင်ငံများသည် ၎င်းတို့ကို ရုပ်သိမ်းသင့်ပါသည်။

၂၆။ နိုင်ငံများသည် အမုန်းတရားလှုံ့ဆော်မှုကို ထိရောက်စွာ တိုက်ဖျက်ရန်အလို့ငှာ တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ပေးရေး လုပ်ဆောင်ချက်များ ပါဝင်သော ပြည့်စုံသည့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ဥပဒေပြဋ္ဌာန်းမှုကို အတည်ပြုကျင့်သုံးသင့်ပါသည်။

## (ခ) ဥပဒေသိပ္ပံ

### သုံးသပ်ချက်များ

၂၇။ ကိစ္စရပ်တစ်ခုစီတိုင်း၏ အချက်အလက်များနှင့် ဥပဒေဆိုင်ရာ ရှုမြင်ချက်များကို နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီသော ပုံစံဖြင့် ဆန်းစစ်အကဲဖြတ်ရန်အတွက် နိုင်ငံတကာ စံနှုန်းများ၊ ဥပဒေစနစ်များနှင့်အညီ အမြဲတစေ ပြင်ဆင်မွမ်းမံနေပြီး သမာသမတ်ကျ၍ မျှတသော အပြုအမူများနှင့်တကွ ထိုက်သင့်သော လုပ်ငန်းစဉ်၏ စည်းမျဉ်းများကို လေးစားသော အဖွဲ့ဝင်များရှိသည့် အမှီအခိုကင်းသော တရားရေး အဆောက်အအုံတစ်ခုသည် အလွန် အရေးကြီးပါသည်။ လူ့အခွင့်အရေးများကို ကာကွယ်ရန်အတွက် ၎င်းကို ပါရီ ဥပဒေသများနှင့် အညီ တည်ထောင်ထားသော အမှီအခိုကင်းသည့် နိုင်ငံတော် လူ့အခွင့်အရေး အဖွဲ့အစည်းများ ကဲ့သို့သော အထိန်းအကွပ်များဖြင့် ဖြည့်စွက်ပေးသင့်ပါသည်။
၂၈။ အမုန်းတရားလှုံ့ဆော်မှုဟု စွပ်စွဲထားသော ကိစ္စများတွင် အများအားဖြင့် တရားရေးနှင့် အလားတူ ယန္တရားများကို အားကိုးအားထားပြုစရာ အလွန်ပင် နည်းပါးသည်။ ဖြစ်ရပ်အများစုတွင် သားကောင်များသည် ချို့ငဲ့သော သို့မဟုတ် ခုခံနိုင်စွမ်းမရှိသော အဖွဲ့များမှ ဖြစ်ပြီး အမုန်းတရား

လှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးနှင့် ဆိုင်သည့် ပြစ်မှုဥပဒေသည် အရန်သင့်မရှိဘဲ ဖြစ်နေတတ်သည်။ ဤသို့ဖြစ်ရခြင်းမှာ အမုန်းတရားလှုံ့ဆော်မှု၏ သားကောင်အဖြစ်သို့ အများဆုံး ကျရောက်ရသော လူနည်းစုအုပ်စုများနှင့် အခြား အားနည်းသော အဖွဲ့အစည်းများအတွက် ဥပဒေပြဋ္ဌာန်းမှု ကင်းမဲ့ခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း သို့မဟုတ် တရားရေးအထောက်အပံ့ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ မှတ်တမ်းမော်ကွန်းများကို လက်လှမ်းမီရရှိမှု မရှိခြင်း၊ အများပြည်သူအကြားတွင် ဗဟုသုတ နည်းပါးသောကြောင့် တရားရုံးများကို အားကိုးအားထား ပြုမှုမရှိခြင်းနှင့် တရားစီရင်ရေးအဖွဲ့အပေါ်တွင် ယုံကြည်မှုကင်းမဲ့ခြင်းတို့ကြောင့် ဥပဒေစနစ် အားနည်းရခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၂၉။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ အမုန်းတရားလှုံ့ဆော်မှုနှင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၂၀ ကို ကျင့်သုံးမှုနှင့် ပတ်သက်၍ ကန့်သတ်ချက်များကို သတ်မှတ်ရာတွင် မြင့်မားသော အနိမ့်ဆုံး စံအတိုင်းအတာထားရှိရန် အကြံပြုထားသည်။ အနိမ့်ဆုံး စံအတိုင်းအတာများကို စဉ်းစားရာတွင် ပြင်းထန်မှုကို အခြေခံအဖြစ် သတ်မှတ်ရန်အတွက် အမုန်းတရားလှုံ့ဆော်မှုသည် အပြင်းထန်ဆုံးနှင့် နက်ရှိုင်းစွာ ထိခိုက်စေသော ကဲ့ရဲ့ပြစ်တင်မှုပုံစံကို ရည်ညွှန်းရမည်ဖြစ်သည်။ အမုန်းတရား၏ ပြင်းထန်မှုကို အကဲဖြတ်ရန် ဖြစ်နိုင်ခြေရှိသော လိုအပ်ချက်များတွင် စည်းရုံးလှုံ့ဆော်သော ရေးသားပြောဆိုပုံ သို့မဟုတ် ထိခိုက်နစ်နာခြင်း၏ ရက်စက်မှု သို့မဟုတ် ရည်ရွယ်ချက်၊ ဆက်သွယ်မှု အကြိမ်အရေအတွက်၊ ပမာဏနှင့် အတိုင်းအတာတို့ ပါဝင်ပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုမြောက်သော ထုတ်ဖော်ပြောဆိုမှုများ အတွက် အပိုင်း (၆) ပိုင်းပါသော အနိမ့်ဆုံး စံအတိုင်းအတာကို အဆိုပြုထားသည် -

**(က) အကြောင်းအရာ** - အချို့သော ပြောဆိုရေးသားပုံများသည် ဦးတည်အဖွဲ့တစ်ခုအပေါ် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုတို့ကို ပြုလုပ်ရန် လှုံ့ဆော်ခြင်း ရှိမရှိကို အကဲဖြတ်ရာတွင် အကြောင်းအရာသည် အလွန်အရေးကြီးပြီး ရည်ရွယ်ချက် သို့မဟုတ် ဖြစ်ပွားစေမှု သို့မဟုတ် နှစ်မျိုးစလုံးအပေါ်တွင် တိုက်ရိုက် ဆက်စပ်မှု ရှိနိုင်ပါသည်။ အကြောင်းအရာ ဆန်းစစ်ရာတွင် ပြောဆိုမှုကို ယင်းပြောဆိုဟောပြောမှု ပြုလုပ်ဖြန့်ဖြူးချိန်၌ တည်ရှိနေသော လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အကြောင်းအရာနှင့် နှိုင်းယှဉ်ချိန်ထိုးသင့်ပါသည်။

**(ခ) ဟောပြောသူ** - ဟောပြောသူ၏ လူမှုအဖွဲ့အစည်းအတွင်းရှိ အနေအထား သို့မဟုတ် အဆင့်အတန်းကို ထည့်သွင်းစဉ်းစားသင့်သည်။ အတိအကျဆိုရသော် ၎င်းပြောဆိုဟောပြောမှုတွင် ရည်ညွှန်းထားသူများနှင့်စပ်လျဉ်း၍ ၎င်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ရပ်တည်ချက်ကို ထည့်သွင်းစဉ်းစားသင့်သည်။

**(ဂ) ရည်ရွယ်ချက်** - အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၂၀ သည် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သောအခြေအနေဟု မှတ်ယူရေးဆွဲထားခြင်းဖြစ်သည်။ သဘောတူစာချုပ်၏ အပိုဒ် ၂၀ တွင် စကားတစ်စုံတစ်ရာကို ဖြန့်ဖြူးခြင်း သို့မဟုတ် ပျံ့နှံ့စေခြင်းထက် "စည်းရုံးလှုံ့ဆော်မှု" နှင့် "နှိုးဆွမှု" တို့ကိုသာ ပြဋ္ဌာန်းထားသောကြောင့် ပေါ့ဆမှုနှင့် မဆင်မခြင်ပြုမှုတို့သည် ထိုအပိုဒ်အရ ပြစ်မှုမြောက်ရန် လုံလောက်ခြင်းမရှိပေ။ ထို့ကြောင့် ပြစ်မှုမြောက်ရန်အတွက်မူ ပြောဆိုဟောပြောမှု၏ အကြောင်းအရာနှင့် ရည်ညွှန်းသူများအပြင် နားထောင်သူပရိသတ်အကြားမှ သုံးပွင့်ဆိုင် ဆက်နွယ်မှုကို အသက်သွင်းရန် လိုအပ်ပေသည်။

**(ဃ) ပါဝင်သည့် အရာများနှင့် ပုံသဏ္ဌာန်** - ဟောပြောမှုတွင် ပါဝင်သည့်အရာသည် လှုံ့ဆော်မှု၏ အလွန်အရေးပါသော အချက်တစ်ချက်ဖြစ်ပြီး တရားရုံးက နှိုင်းချိန်စဉ်းစားရာတွင် အဓိကအလေးပေး စဉ်းစားသည့် အရာများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ပါဝင်သည့် အရာများကို ဆန်းစစ်ခြင်းတွင် ဟောပြောမှု၏ နှိုးဆွပေးမှုနှင့် တဲ့တိုးဖြစ်မှု အတိုင်းအတာနှင့်တကွ ပုံသဏ္ဌာန်၊ ဟန်ပန်၊ ၎င်းဟောပြောမှုတွင် အသုံးချထားသော ငြင်းခုံချက်များ၏ သဘောသဘာဝ သို့မဟုတ် ငြင်းခုံခြင်းများအကြား အစွန်းနှစ်ဖက်ညီမျှမှုတို့ ပါဝင်ပါသည်။

**(င) ပြောဆိုဟောပြောခြင်း အတိုင်းအတာ** - အတိုင်းအတာတွင် ပြောဆိုဟောပြောခြင်း၏ ပေါက်ရောက်မှု၊ ၎င်း၏ လူသိထင်ရှား သဘောသဘာဝ၊ ၎င်း၏ အရေးပါမှုနှင့် ပရိသတ် အရွယ်အစား စသည့် အချက်များ ပါဝင်သည်။ အခြား ထည့်သွင်းစဉ်းစားရန် အချက်များတွင် ပြောဆိုဟောပြောခြင်းသည် လူသိရှင်ကြား ဟုတ်မဟုတ်၊ အသုံးပြုသော ဖြန့်ဖြူးရေးနည်းများ - ဥပမာ လက်ကမ်းစာစောင်ဝေခြင်း သို့မဟုတ် ခေတ်ရေစီးကြောင်းရှိ မီဒီယာ သို့မဟုတ် အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ခြင်း၊ ဆက်သွယ်မှုများ၏ အကြိမ်အရေအတွက်၊ ပမာဏနှင့် အတိုင်းအတာ၊ ပရိသတ်အနေဖြင့် ထိုလှုံ့ဆော်မှုအတိုင်း ဆောင်ရွက်ရန် နည်းလမ်း ရှိမရှိ၊ ရေးသားပြောဆိုမှု (သို့မဟုတ် အလုပ်) သည် တားမြစ်ထားသော ပတ်ဝန်းကျင်အတွင်း ပျံ့နှံ့နေခြင်း

သို့မဟုတ် ယေဘုယျ အများပြည်သူလူထုများမှ တွင်ကျယ်စွာ လက်လှမ်းမီခြင်း ရှိမရှိ စသည်တို့လည်း ပါဝင်ပါသည်။

**(စ) ဖြစ်အံ့ဆဲ အခြေအနေ အပါအဝင် ဖြစ်နိုင်ခြေများ** - လှုံ့ဆော်မှုဟူသည်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ရုပ်လုံးမပေါ်သေးသော ပြစ်မှုတစ်ခု ဖြစ်သည်။ လှုံ့ဆော် ဟောပြောမှုတစ်ရပ်ကို ပြစ်မှုအဖြစ် သတ်မှတ်ရန်အတွက်မှာ ၎င်းဟောပြောမှုမှတစ်ဆင့် စည်းရုံးထားသည့် လုပ်ရပ်ကို အမှန်တကယ် ကျူးလွန်ပြီးဖြစ်ရန် မလိုအပ်ပေ။ သို့သော် ထိခိုက်မှုအန္တရာယ် အတိုင်းအတာကို ဖော်ထုတ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ တရားရုံးများ အနေဖြင့် ဟောပြောမှုသည် ဦးတည်ထားသည့်အဖွဲ့အပေါ် အမှန်တကယ် ကျူးလွန်ရန် အောင်အောင်မြင်မြင် လှုံ့ဆော်နိုင်သည်ဟု ယုတ္တိကျစွာ လက်ခံနိုင်ခြင်း ရှိမရှိကို ဆုံးဖြတ်ရမည် ဖြစ်ပြီး ထိုသို့ဆုံးဖြတ်ရာတွင် ဖြစ်ပွားစေမှုသည် တိုက်ရိုက်ဖြစ်စေမှုဖြစ်ရန် လိုအပ်ကြောင်း သိမှတ်လက်ခံသင့်ပါသည်။

## အကြံပြုချက်များ

၃၀။ နိုင်ငံတော်နှင့် ဒေသန္တရ တရားရုံးများသည် အမုန်းတရားလှုံ့ဆော်မှုနှင့် သက်ဆိုင်သည့် နိုင်ငံတကာ စံနှုန်းများနှင့် နိုင်ငံတကာ၊ ဒေသန္တရနှင့် နှိုင်းယှဉ်လေ့လာသော ဥပဒေစနစ်တို့နှင့် ပတ်သက်၍ အမြဲတစေ ပြင်ဆင်မွမ်းမံနေသင့်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းအမှု ကိစ္စများနှင့် ရင်ဆိုင်ရသည့်အခါ တရားရုံးများသည် ကောင်းမွန်ပြည့်စုံစွာ စဉ်းစားချမှတ်ထားသည့် အနိမ့်ဆုံး စံအတိုင်းအတာ စစ်ဆေးမှုအပေါ် အခြေခံထားသော နှံ့စပ်သည့် ဆန်းစစ်မှုကို တာဝန်ယူဆောင်ရွက်ရန်လိုသောကြောင့် ဖြစ်ပါသည်။

၃၁။ နိုင်ငံများသည် ဥပဒေအရ ထူထောင်ထားသည့် ထိုက်သင့်သော အခွင့်အာဏာရှိပြီး အမှီအခိုကင်း၍ သမာသမတ်ကျသော ခုံရုံးမှ ပြုလုပ်သည့် မျှတသော လူပုံလယ် ကြားနာ စစ်ဆေးခြင်းအား ရယူခံစားပိုင်ခွင့်ကို အကာအကွယ်ပေးသင့်သည်။

၃၂။ လူနည်းစုအုပ်စုများနှင့် ထိခိုက်လွယ်သောအုပ်စုများအား ၎င်းတို့၏ အုပ်စုဝင်များအတွက် ဥပဒေရေးရာနှင့် အခြားအထောက်အပံ့အမျိုးအစားများ ဖြည့်ဆည်းပေးခြင်းဖြင့် ထိုက်သင့်သော ဂရုပြုမှုကို ပေးသင့်ပါသည်။

၃၃။ နိုင်ငံများသည် အမုန်းတရားလှုံ့ဆော်မှု ရလဒ်မှ အမှန်စင်စစ် ထိခိုက်နစ်နာခြင်းကို ခံစားခဲ့ရသော လူပုဂ္ဂိုလ်များအနေဖြင့် ပျက်စီးထိခိုက်မှုများအတွက် တရားမမှု သို့မဟုတ် တရားရေးနှင့် မသက်ဆိုင်သော ကုစားမှုများ အပါအဝင် ထိရောက်သော ကုစားမှုတစ်ရပ် ရယူခံစားပိုင်ခွင့်ကို အကာအကွယ်ပေးသင့်သည်။

၃၄။ ဥပဒေနှင့် မညီညွတ်သော ထုတ်ဖော်ပြောဆိုမှု အသွင်ပုံစံများအား ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူမှုများကို အကြောင်းအလျောက်ခိုင်လုံသော အခြေအနေများတွင်သာ မတတ်သာသည့်အဆုံး ကျင့်သုံးသင့်သည်။ ငွေကြေးအရ သို့မဟုတ် ငွေကြေးအရမဟုတ်သော ပျက်စီးမှုများ အပါအဝင် တရားမဥပဒေအရ အရေးယူမှုများနှင့် ကုစားမှုများကိုလည်း ခုခံချေပပိုင်ခွင့်နှင့်အတူ ထည့်သွင်းစဉ်းစားသင့်သည်။ ကျွမ်းကျင်သော ဥပဒေကြပ်မတ်ရေး အဖွဲ့အစည်း အမျိုးမျိုးမှ အတည်ပြု၍ အာဏာတည်စေသော အုပ်ချုပ်မှုဆိုင်ရာ အရေးယူမှုများနှင့် ကုစားမှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

## (ဂ) မူဝါဒများ

### သုံးသပ်ချက်များ

၃၅။ ဥပဒေအရ တုံ့ပြန်မှုသည် အရေးကြီးသော်လည်း အမုန်းစကားများ၏ စိန်ခေါ်မှုကို ရင်ဆိုင်ရာတွင် ဥပဒေပြဋ္ဌာန်းမှုသည် ပို၍ ကြီးမားသော လက်နက်ကိရိယာ၏ အစိတ်အပိုင်း တစ်ခုသာဖြစ်သည်။ သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုတိုင်းကို လူမှုအသိစိတ်၊ သည်းခံမှု၊ အပြောင်းအလဲနှင့် လူထုဆွေးနွေးပွဲကို နားလည်မှုရှိခြင်းတို့အား မြှင့်တင်ပေးရန် ဦးတည်သည့် မူဝါဒများ၊ ကျင့်ထုံးများနှင့် အစီအမံများ ချမှတ်ရန်ရည်ရွယ်သော လူမှုအဖွဲ့အစည်း၏ ကဏ္ဍအမျိုးမျိုးမှ ပဏာမလုပ်ငန်းများဖြင့် ဖြည့်စွက်ပေးသင့်သည်။ လူအများအကြား ငြိမ်းချမ်းမှု၊ သည်းခံမှုနှင့် အပြန်အလှန်လေးစားမှုများအား တန်ဖိုးထားတတ်သော ဝလေ့ကို ဖန်တီးရန်နှင့် ပိုမိုအားကောင်းစေရန်၊ ပြန်ကြားရေးအဖွဲ့အစည်းများနှင့် ဘာသာရေး/လူထု ခေါင်းဆောင်များ လူ့ကျင့်ဝတ်နှင့် ကိုက်ညီသော အသိ ပိုမိုရှိစေရန်နှင့် လူမှုရေးအရ တာဝန်ယူမှုရှိစေရန် ပြုလုပ်ရေးကို ရည်ရွယ်ပါသည်။ နိုင်ငံများ၊ မီဒီယာများနှင့် လူမှုအဖွဲ့အစည်းတို့တွင်

အမုန်းတရားလှုံ့ဆော်မှု လုပ်ရပ်များအား ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုရန်နှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့် ကိုက်ညီသော သင့်တော်သည့် အစီအမံများဖြင့် အရေးယူမှု ပြုလုပ်ရန် စုပေါင်းတာဝန်ရှိပါသည်။

၃၆။ နိုင်ငံရေးနှင့် ဘာသာရေးခေါင်းဆောင်များသည် အကြမ်းဖက်မှု၊ ရန်လိုမှု သို့မဟုတ် ခွဲခြားဆက်ဆံမှုတို့ကို လှုံ့ဆော်စေမည့် အကဲဆတ်ခြင်းသတင်းစကားများ သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းပုံစံများကို အသုံးပြုခြင်းမှ ရှောင်ရှားသင့်ပြီး အကဲဆတ်မှု၊ ခွဲခြား ဆက်ဆံသော တရားသေ ရှုမြင်မှုနှင့် အမုန်းစကားများကို မဆိုင်းမတွ ဆန့်ကျင်ကြောင်း ခိုင်မာစွာ ထုတ်ဖော်ပြောဆိုသည့် အခန်းကဏ္ဍတွင်လည်း ပါဝင်သင့်ပါသည်။ အမုန်းတရားလှုံ့ဆော်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အကြမ်းဖက်ခြင်းကို မည်သည့်အခါတွင်မှ လက်သင့်ခံမည်မဟုတ်ကြောင်း သိသာထင်ရှားစွာ ပြသထားသင့်ပါသည်။

၃၇။ အကဲဆတ်ခြင်း၏ အကြောင်းဇာစ်မြစ်များကို ကိုင်တွယ်ရန်အတွက် ဥပမာအားဖြင့် ယဉ်ကျေးမှုစပ်ကြား အပြန်အလှန်ဆွေးနွေးခြင်း၊ အပြန်အလှန် ဗဟုသုတမျှဝေ၍ ထိတွေ့ ဆက်ဆံခြင်း၊ ဗဟုဝါဒနှင့် ကွဲပြားစုံလင်မှုများအကြောင်း အသိပညာပေးခြင်း အစရှိသည့် နယ်ပယ်များတွင် များစွာပိုမိုကျယ်ပြန့်သော မူဝါဒ အစီအမံများကို လိုအပ်ပြီး လူနည်းစု အုပ်စုများနှင့် ဒေသခံတိုင်းရင်းသားများအား ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနိုင်ကြစေရန် အခွင့်အာဏာပေးသည့် မူဝါဒများလည်း လိုအပ်ပါသည်။

၃၈။ လူနည်းစုအုပ်စုများ ၎င်းတို့၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ခံစားနိုင်သည့် အခြေအနေကို ဖြည့်ဆည်းပေးရန် နိုင်ငံများတွင် တာဝန်ရှိသည်၊ ဥပမာ - လူနည်းစုအုပ်စုများ၏ မီဒီယာအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ပံ့ပိုးပေးခြင်းဖြင့် ဖြစ်သည်။ နိုင်ငံများသည် လူမှုအသိုက်အဝန်းများအနေဖြင့် ရှုထောင့်အမြင်များနှင့် သတင်း အချက်အလက်များကို လက်လှမ်းမီရရှိပြီး ထုတ်ဖော်ပြသနိုင်ရန်နှင့် ၎င်းတို့ကြောင့် ပေါ်ပေါက်လာနိုင်သည့် သင့်တင့်ကောင်းမွန်သော အပြန်အလှန် ဆွေးနွေးခြင်းနှင့် ငြင်းခုံဆွေးနွေးခြင်းတို့အား လက်ကမ်းကြိုဆိုနိုင်စွမ်းကို အားဖြည့်ပေးသင့်ပါသည်။

၃၉။ အချို့သော ဒေသများတွင် အမုန်းတရားလှုံ့ဆော်မှုကို တိုက်ဖျက်ရန် ဥပဒေနှင့်မဆိုင်သော ချဉ်းကပ်နည်းကို ဦးစားပေးအသုံးပြုကြသည်၊ အထူးသဖြင့် အများပြည်သူဆိုင်ရာ မူဝါဒများကို အတည်ပြုကျင့်သုံးခြင်းနှင့် အမုန်တရားနှင့် ရင်ကြားစေ့ရေး ကော်မရှင်များ အပါအဝင် အဖွဲ့အစည်းနှင့် လုပ်ငန်းစဉ်အမျိုးအစား အမျိုးမျိုးကို ထူထောင်ခြင်းတို့မှတစ်ဆင့် ဖြစ်သည်။ ဒေသန္တရ လူ့အခွင့်အရေး ယန္တရားများ၊ အထူးအဖွဲ့အစည်းများ၊ တက်ကြွသော အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အမှီအခိုကင်းသော စောင့်ကြည့်ရေး အဖွဲ့အစည်းများ၏ အရေးပါသော လုပ်ဆောင်မှုသည် ကမ္ဘာ့နေရာဒေသအားလုံးတွင် အခြေခံအားဖြင့် အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတကာ အသိအမှတ်ပြု လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သော အစဉ်အလာတန်ဖိုးများသည်လည်း အမုန်းတရားလှုံ့ဆော်မှုကို ရင်ဆိုင်ရာတွင် ထောက်ပံ့ကူညီနိုင်ပါသည်။

၄၀။ မီဒီယာနှင့် အခြားသော လူထုဆက်သွယ်ရေး နည်းလမ်းများ၏ အရေးပါမှုသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် တန်းတူညီမျှမှုကို အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်ရာတွင် အဓိကကျသည်။ သမားရိုးကျ မီဒီယာများသည် ကမ္ဘာအနှံ့တွင် အရေးပါသော ကဏ္ဍမှ ဆက်လက်ပါဝင်နေသည်၊ သို့သော် ၎င်းတို့သည်လည်း သိသာထင်ရှားသော ပြောင်းလဲမှုများကို ကြုံတွေ့နေကြသည်။ ဒစ်ဂျစ်တယ်နည်းဖြင့် ထုတ်လွှင့်ခြင်း၊ မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်ခြင်း၊ အင်တာနက်နှင့် လူမှုကွန်ရက်များ ပါဝင်သည့် နည်းပညာအသစ်များသည် သတင်းအချက်အလက် ဖြန့်ဖြူးရေးကို အင်မတန် တိုးမြှင့်ပေးပြီး ဘလော့များရေးသားခြင်း စသည့် ဆက်သွယ်မှု ပုံစံအသစ်များအား လမ်းဖွင့်ပေးပါသည်။

၄၁။ အထူးသဖြင့် ယုံကြည်ကိုးကွယ်မှုကို အခြေခံ၍ လူပုဂ္ဂိုလ်များအား ချုပ်ချယ်ခြင်း၊ အနုတ်သဘောဆောင်သော တရားသေ ရှုမြင်ခြင်းနှင့် ကဲ့ရဲ့ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့ကို တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် ၁၆/၁၈ ကို ဆန္ဒမဲမခံယူဘဲ အတည်ပြုကျင့်သုံးခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ ခြေလှမ်းများသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထိရောက်၍ ဘက်ပေါင်းစုံ ပေါင်းစည်းပါဝင်သော လုပ်ဆောင်ချက်အတွက် အလားအလာကောင်းသော လမ်းစဉ်တစ်ခု ပေါ်ပေါက်စေပါသည်။ ဤဆုံးဖြတ်ချက်သည် နိုင်ငံများအနေဖြင့် ၎င်းကို အထမြောက်စေရန် ဖြည့်ဆည်းပေးမည့် ရာဘတ်

လုပ်ငန်းအစီအစဉ်မှတစ်ဆင့် အပါအဝင် နိုင်ငံတော်အဆင့် အကောင်အထည်ဖော်ခြင်းနှင့် စဉ်ဆက်မပြတ် နောက်ဆက်တွဲစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**နိုင်ငံများသို့ အကြံပြုချက်များ**

၄၂။ နိုင်ငံများသည် လူပုဂ္ဂိုလ်များနှင့် လူမှုအသိုက်အဝန်းများအား ၎င်းတို့၏ နိုင်ငံသား၊ အမျိုးအနွယ်နှင့် ယုံကြည်ကိုးကွယ်မှုအပေါ် အခြေခံ၍ အနုတ်သဘောဆောင်သော တရားသေ ရှုမြင်ခြင်းများနှင့် ခွဲခြားဆက်ဆံခြင်းများကို တိုက်ဖျက်ရန် ကျယ်ပြန့်သော အားထုတ်မှုများကို တိုးမြှင့်သင့်သည်။

၄၃။ နိုင်ငံများသည် ကျား၊မ တန်းတူ အလေးထားရှုမြင်ခြင်းအပါအဝင် ယဉ်ကျေးမှုစပ်ကြား နားလည်မှုရှိခြင်းကို အားပေးသင့်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံများအားလုံးတွင် ငြိမ်းချမ်းသော ဓလေ့စရိုက်ကို တည်ဆောက်ရန်နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို အဆုံးသတ်ရန် တာဝန်များ ရှိပါသည်။

၄၄။ နိုင်ငံများသည် လူ့အခွင့်အရေး တန်ဖိုးနှင့် ဥပဒေသများအကြောင်းကို စာသင်ကြားသူ ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားပေးသင့်ပြီး အသက်အရွယ်မရွေး ပညာသင်ကြားနေသူများ အားလုံးအတွက် ကျောင်းသင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းတစ်ခုအနေနှင့် ယဉ်ကျေးမှုစပ်ကြား နားလည်မှုရှိခြင်းကို မိတ်ဆက်ပေးခြင်း သို့မဟုတ် ပိုမိုခိုင်မာစေခြင်းကို ဆောင်ရွက် ပေးသင့်ပါသည်။

၄၅။ နိုင်ငံများသည် လုံခြုံရေးအင်အားစုများ၊ ဥပဒေစိုးမိုးရေး ဆောင်ရွက်သူများနှင့် အမုန်းတရားလှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ကိစ္စများ၏ တရားစီရင် အုပ်ချုပ်ရေးတွင် ပါဝင်နေသူများအား အခြေအနေအလိုက် တုံ့ပြန်မှုပြုနိုင်စေရန် လေ့ကျင့်သင်ကြားပေးနိုင်စွမ်းကို တည်ဆောက်သင့်ပါသည်။

၄၆။ နိုင်ငံများသည် လူမှု အပြန်အလှန်ဆွေးနွေးခြင်းကို အားပေးခြင်းနှင့် အမုန်းတရားလှုံ့ဆော်မှုဖြစ်ရပ်များအကြောင်း တိုင်ကြားချက်များကို လက်ခံခြင်းတို့နှင့်ပတ်သက်၍ များပြားသော ကျွမ်းကျင်မှုများရှိသည့် (ပါရီ ဥပဒေသများနှင့်အညီ ထူထောင်ထားသည့်) နိုင်ငံတော် လူ့အခွင့်အရေး အဖွဲ့အစည်းများအတွင်းတွင် တန်းတူညီမျှရေး အဖွဲ့များကို ဖွဲ့စည်းရန် သို့မဟုတ် ထိုလုပ်ဆောင်မှုကို တိုးမြှင့်ရန် ထည့်သွင်းစဉ်းစားသင့်သည်။ ယင်းလုပ်ငန်းများကို ခရီးရောက်စေရန်အတွက် ဆန္ဒရှိတိုင်းဆောင်ရွက်သော အလေ့အထများကို ရှောင်ရှား၍ နိုင်ငံတကာ ပေါင်းစည်းညီညွတ်မှုကို တိုးတက်စေရန် လိုက်လျောညီထွေရှိသော လမ်းညွှန်ချက်အသစ်များ၊ စစ်ဆေးမှုများနှင့် ကျင့်ထုံးကောင်းများကို လိုအပ်ပါသည်။

၄၇။ နိုင်ငံများသည် အမုန်းတရားလှုံ့ဆော်သော ပြစ်မှုများနှင့်ဆိုင်သည့် အချက်အလက်များအား စနစ်တကျ စုဆောင်းရန်အတွက် မရှိမဖြစ် လိုအပ်သော ယန္တရားများနှင့် အဖွဲ့အစည်းများကို တည်ထောင်သင့်ပါသည်။

၄၈။ နိုင်ငံများတွင် ဆက်သွယ်မှုနည်းလမ်းများကို ခွဲခြားဆက်ဆံခြင်းမခံရဘဲ တစ်ပြေးညီ လက်လှမ်းမီအသုံးပြုနိုင်စေရန် အားပေးသည့်၊ မီဒီယာအသစ်များအပါအဝင် မီဒီယာများ၏ ဗဟုဝါဒနှင့် ကွဲပြားစုံလင်မှုတို့ကို အားပေးသည့် အများပြည်သူဆိုင်ရာ မူဝါဒနှင့် ဥပဒေကြပ်မတ်ရေး မူဘောင်တစ်ခုကို ထားရှိသင့်ပါသည်။

၄၉။ နိုင်ငံများသည် လက်ရှိ နိုင်ငံတကာ လူ့အခွင့်အရေး ယန္တရားများနှင့် အထူးသဖြင့် လူ့အခွင့်အရေးကော်မတီနှင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေးကော်မတီ အစရှိသည့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အဖွဲ့များကို အားဖြည့်ပေးသင့်သည်။ လူ့အခွင့်အရေး ဥပဒေများ အကောင်အထည်ဖော်ခြင်းအတွက် အမျိုးသားရေး မူဝါဒများနှင့် ပတ်သက်ပြီး နိုင်ငံများအား အကြံဉာဏ်နှင့် အထောက်အပံ့ပေးသော အထူးလုပ်ပိုင်ခွင့်ရ ပုဂ္ဂိုလ်များကိုလည်း အားဖြည့်ပေးသင့်ပါသည်။

## ကုလသမဂ္ဂသို့ အကြံပြုချက်များ

၅၀။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်တို့ကို ကာကွယ်ရန်နှင့် အမုန်းတရားလှုံ့ဆော်မှု၊ ခွဲခြားဆက်ဆံမှုနှင့် သက်ဆိုင်ရာအကြောင်းအရာများကို တားဆီးရန် လုပ်ဆောင်နေသော နိုင်ငံတကာ ပညာရှင်များ၏ လုပ်ထုံးလုပ်နည်းများကို လုံလောက်ပြည့်ဝစွာ အထောက်အပံ့ပေးနိုင်ရန် သင့်တင့်လျောက်ပတ်သော အရင်းအမြစ်များ ရှိသင့်ပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ နိုင်ငံများသည် လူ့အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်အဖွဲ့များကို အားဖြည့်ပေးရန်နှင့် အထူးလုပ်ငန်းစဉ်ယန္တရားများအတွက် လုံလောက်သော အရင်းအမြစ်များကို ထောက်ပံ့ပေးရန် ရည်မှန်း၍ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ထောက်ပံ့ပေးသင့်ပါသည်။

၅၁။ အမုန်းတရားလှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် ပြည်တွင်း စည်းမျဉ်းများနှင့် မူဝါဒမူဘောင်များကို တိုးတက်စေရန် OHCHR ၏ ဝန်ဆောင်မှုများကို အသုံးချလိုသော နိုင်ငံများနှင့် အတူတကွ လက်တွဲလုပ်ဆောင်ရန်အတွက် ၎င်းကို ဖိတ်ကြားထားပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် OHCHR သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း အမုန်းတရားလှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးနှင့် ဆိုင်သည့် အကောင်းဆုံး အလေ့အထများအား စုစည်းမှုနှင့် နမူနာ ဥပဒေပြဋ္ဌာန်းမှု လိုအပ်ချက်များပါဝင်သည့် ဒေသန္တရ ပညာရှင် နှီးနှောဖလှယ်ပွဲ ၄ ခုမှ ပေါ်ထွက်လာသော ဖွံ့ဖြိုးရေး ကိရိယာများကို ထည့်သွင်း စဉ်းစားသင့်ပါသည်။ OHCHR သည် ဤအဆင့်ဆင့်ပြောင်းလဲနေသော အကြောင်းအရာနှင့် ပတ်သက်သည့် တရွေ့ရွေ့တိုးတက်နေသော အမျိုးသားဥပဒေပြဋ္ဌာန်းမှုနှင့် စီရင်ထုံးကို ထောက်ကူပေးမည့် နိုင်ငံတော် တရားရေးအာဏာပိုင်များကို မွမ်းမံပေးရန်နှင့် အမုန်းတရား လှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးနှင့် သက်ဆိုင်သည့် အတွေ့အကြုံမျှဝေမှုများကို နှိုးဆွပေးရန် အတွက် တရားရေးညီလာခံကို ပုံမှန် ဦးဆောင်ကျင်းပပေးရန်လည်း ထည့်သွင်းစဉ်းစား သင့်ပါသည်။

၅၂။ သက်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အဖွဲ့များနှင့် အထူးလုပ်ပိုင်ခွင့်ရ ပုဂ္ဂိုလ်များသည် သင့်တော်သလို ပူးတွဲလုပ်ဆောင်ချက်များမှတစ်ဆင့် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု

သို့မဟုတ် အကြမ်းဖက်မှုတို့ကို နှိုးဆွသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသည့် အမုန်းတရား စည်းရုံးလှုံ့ဆော်မှု ဖြစ်ရပ်များအား လူသိရှင်ကြား ရှုတ်ချရန် ၎င်းတို့၏ စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးများနှင့် ပါဝင်ကူညီမှုတို့ကို တိုးမြှင့်သင့်ပါသည်။

၅၃။ OHCHR၊ ကုလသမဂ္ဂ လူ့ဘောင်အဖွဲ့အစည်း မဟာမိတ်အဖွဲ့ (UNAOC) နှင့် လူမျိုးတုံးသတ်ဖြတ်မှု တားဆီးရေး အထူးအကြံပေးရုံး အပါအဝင် ကုလသမဂ္ဂစနစ်ပါ အဖွဲ့အစည်းအမျိုးမျိုးသည် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးကို အကောင်းဆုံးအသုံးချရန်နှင့် ပူးတွဲလုပ်ဆောင်ချက်များကို နှိုးဆွနိုင်ရန်အတွက် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုကို တိုးမြှင့် သင့်ပါသည်။

၅၄။ (က) ဥရောပကောင်စီ၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံများ အဖွဲ့၊ အာဖရိကသမဂ္ဂ၊ အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် အစ္စလာမ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစရှိသည့် ဒေသန္တရနှင့် ဒေသတစ်ခုမက ပေါင်းစပ်ပါဝင်သော ယန္တရားအမျိုးမျိုးတို့ အကြားနှင့် (ခ) ယင်းအဖွဲ့များနှင့် ကုလသမဂ္ဂ အဖွဲ့ကြားရှိ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းတို့ကို ပို၍ တိုးမြှင့်သင့်ပါသည်။

၅၅။ နိုင်ငံများထံ ပေးအပ်ထားသော အကြံပြုချက်များကို နိုင်ငံတော်အဆင့်တွင်သာမက အခြားနိုင်ငံများနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ရန်အတွက် အစီအမံများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

### အခြား ပတ်သက်ဆက်နွှယ်သူများသို့ အကြံပြုချက်များ

၅၆။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အခြား အရပ်ဘက် လူမှုအဖွဲ့များသည် ယဉ်ကျေးမှုစပ်ကြားနှင့် ဘာသာရေးစပ်ကြား နားလည်မှုရှိခြင်းနှင့်

သင်ယူမှုတို့ကို အားပေးရန် လုပ်ထုံးလုပ်နည်းများနှင့် အပြန်အလှန် ဆွေးနွေးခြင်းများကို ဖန်တီးပြီး အထောက်အပံ့ပေးသင့်ပါသည်။

၅၇။ နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးမြှောက်ခြင်းနှင့် သက်ဆိုင်သည့် လူ့ကျင့်ဝတ်နှင့်ကိုက်ညီသော လမ်းညွှန်ချက်များကို၊ အထူးသဖြင့် လူထုဟောပြောမှုအပေါ် အလေးထားမှုနှင့်အတူ အတည်ပြုကျင့်သုံး၍ ပြဋ္ဌာန်းသင့်ပါသည်။

၅၈။ ကိုယ်ပိုင်စည်းမျဉ်း သတ်မှတ်ခြင်းသည် အမှန်တကယ်ထိရောက်ပါက မီဒီယာများနှင့် သက်ဆိုင်သည့် အတတ်ပညာဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ရာတွင် အသင့်တော်ဆုံး နည်းလမ်းဖြစ်ပါသည်။ ကမ်ဒန်ဥပဒေသများမှ ဥပဒေသ ၉ နှင့်အညီ မီဒီယာအားလုံးသည် လူ့ကျင့်ဝတ်နှင့် လူမှုရေးတာဝန်အရ ကိုယ်ပိုင်စည်းမျဉ်းသတ်မှတ်ချက်မှတစ်ဆင့် ခွဲခြား ဆက်ဆံမှုကို တိုက်ဖျက်ရေးနှင့် ယဉ်ကျေးမှုစပ်ကြား နားလည်မှုရှိခြင်းကို မြှင့်တင်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ကဏ္ဍတစ်ခုမှနေ၍ ပါဝင်သင့်သည် -

(က) ခွဲခြားဆက်ဆံခြင်း လုပ်ရပ်များကို အများပြည်သူမှ အာရုံစိုက်မိလာစေရန် ဆောင်ရွက်ရင်း အကြောင်းအရာတစ်ခုကို မှန်မှန်ကန်ကန်နှင့် ဆင်ဆင်ခြင်ခြင် အစီရင်ခံခြင်း။

(ခ) မီဒီယာအတွင်း လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ထပ်မံ၍ ခွဲခြားဆက်ဆံမှု သို့မဟုတ် အနုတ်သဘောဆောင်သော တရားသေရှုမြင်မှုများ၏ အန္တရာယ်ကို သိရှိခြင်း။

(ဂ) အကဲဆတ်မှုများ ဖြစ်ပေါ်စေနိုင်သော လူမျိုး၊ ဘာသာတရား၊ လိင်နှင့် အခြားဝိသေသ လက္ခဏာများအား မလိုအပ်ဘဲ ရည်ညွှန်းပြောဆိုမှုများကို ရှောင်ရှားခြင်း။

(ဃ) ခွဲခြားဆက်ဆံမှုနှင့် အနုတ်သဘောဆောင်သော တရားသေရှုမြင်မှုများမှ ဖြစ်ပွားစေနိုင်သော အန္တရာယ်အကြောင်း အသိပညာပေးခြင်း။

(င) မတူညီသော အဖွဲ့အစည်း သို့မဟုတ် လူမှုအသိုက်အဝန်းများအကြောင်း အစီရင်ခံခြင်းနှင့် ၎င်းတို့ကို ပို၍ကောင်းမွန်စွာ နားလည်နိုင်စေရန်အတွက် ၎င်းအဖွဲ့ဝင်များကို ဖွင့်ဟထုတ်ဖော် ပြောဆိုရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တစ်ချိန်တည်းတွင် ယင်းအဖွဲ့အစည်းများ သို့မဟုတ် အသိုက်အဝန်းများ၏ ရှုထောင့်အမြင်များကို ထင်ဟပ်ပြသခြင်း။

၅၉။ ထို့ပြင် မီဒီယာများနှင့် သတင်းစာဆရာများအတွက် မိမိဆန္ဒအလျောက်ထားရှိသော အလုပ်သဘောအရ ပြုမူနေထိုင်ပုံ စည်းကမ်းများသည် တန်းတူညီမျှမှု ဥပဒေသကို ထင်ဟပ်သင့်ပြီး ယင်းစည်းကမ်းများအား ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ထိရောက်သော ခြေလှမ်းများကို လှမ်းသင့်ပါသည်။

# ၄။ နိဂုံး

၆၀။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတော် ဥပဒေပြဋ္ဌာန်းမှု အများအပြားတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အယူအဆသည် စနစ်ကျသော ဂရုပြုမှုကို ရရှိခဲ့ပြီးဖြစ်သော်လည်း ၎င်းကို လက်တွေ့ကျင့်သုံးရန်နှင့် အသိအမှတ်ပြုရန်ကိုမူ ကမ္ဘာအနှံ့ရှိ နိုင်ငံများအားလုံးမှ ပြည့်ပြည့်ဝဝ အလေးထားခြင်း မရှိသေးပေ။ တစ်ချိန်တည်းမှာပင် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကွဲပြားမှုကို အခြေခံသော အမုန်းတရား လှုံ့ဆော်မှု တားမြစ်ပိတ်ပင်ရေးနှင့်သက်ဆိုင်သည့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများသည် ကမ္ဘာ့နေရာ အနှံ့အပြားတွင် ပြည်တွင်းဥပဒေပြဋ္ဌာန်းမှုနှင့် မူဝါဒများအဖြစ်သို့ ပေါင်းစည်းရန် လိုအပ်နေသေးသည်။ ဤအချက်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အလေးထားသည့် အပြုအမူမျိုးဖြင့် ထိုအယူအဆကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၏ ဓမ္မဓိဋ္ဌာန်ကျသော ခက်ခဲမှုနှင့် နိုင်ငံရေး အကဲဆတ်မှု နှစ်မျိုးစလုံးကြောင့် ဖြစ်နိုင်ပါသည်။

၆၁။ အထက်တွင် ဖော်ပြခဲ့သော သုံးသပ်ချက်များနှင့် အကြံပြုချက်များသည် ထိုအခက်အခဲများကို ရင်ဆိုင်ရန်အတွက် ခြေလှမ်းများဖြစ်သည်။ ၎င်းတို့သည် ဤနယ်ပယ်အတွင်းရှိ နိုင်ငံတော်ဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု နှစ်မျိုးစလုံးကို မြှင့်တင်ပေးလိမ့်မည်ဟု မျှော်လင့်ပါသည်။